ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ ကြာသပတေးနေ့။ Thursday, 23 February 2023 ၁၁၀၂၀

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တက်ရောက်လာကြသူများ (၂၀၂၂-၂၀၂၃) ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ (အမျိုးသား) ဗိုလ်လုပွဲစဉ်အဖြစ် မိတ္ထီလာပညာရေးဒီဂရီကောလိပ်အသင်းနှင့် ဘားအံပညာရေးဒီဂရီကောလိပ်အသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

# (၂၀၂၂-၂၀၂၃) ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ (အမျိုးသား) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ကြည့်ရှုအားပေးချီးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

(၂၀၂၂-၂၀၂၃) ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ (အမျိုးသား) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူအားကစားမောင်မယ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

### ကြည့်ရှုအားပေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် (၂၀၂၂-၂၀၂၃) ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ (အမျိုးသား) ဗိုလ်လုပွဲစဉ်အဖြစ် မိတ္ထီလာပညာရေးဒီဂရီကောလိပ်အသင်းနှင့် ဘားအံပညာရေးဒီဂရီကောလိပ်အသင်းတို့ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပွဲစဉ်တွင် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်အကြိတ်အနယ် ဖိအားပေး ယှဉ်ပြိုင်ကြပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

**ယနေ့ ဖတ်စရာ**



**ငွေတိုးစီမံကိန်းများကြောင့် ပြည်သူများ ဝင်ငွေတိုးတော့မည်** ဆောင်းပါး စာမျက်နှာ » ၆

**ငှက်ဖျားရောဂါရှာဖွေခြင်း၊ ကုသခြင်းတို့နှင့် စပ်လျဉ်း၍ မဖြစ်မနေ သတင်းပေးပို့ရေး ထုတ်ပြန်ကြေညာခြင်း အခမ်းအနားကျင်းပ** စာမျက်နှာ » ၈

**မိုက်ခရိုပလတ်စတစ် ညစ်ညမ်းမှုနှင့် ကျွန်ုပ်တို့ပတ်ဝန်းကျင်** ဆောင်းပါး စာမျက်နှာ » ၁၀

**အများပြည်သူထံသို့ အသိပေးပန်ကြားချက်** စာမျက်နှာ » ၁၇

ကြေးမုံ

# အလိမ်အညာလှည့်စားမှုများအား သတိတရားလက်ကိုင်ထားရှောင်ရှား

လောကကြီးအတွင်းဝယ် အသိအမြင်ဗဟုသုတနှင့် ဆင်ခြင်တုံတရားအားနည်းမှုကို အကြောင်းပြု၍ မကောင်းမှုများ၊ မသမာမှုများ၊ လိမ်ညာလှည့်ဖြားမှုများ ကျင်လည်ကျက်စားနေကြသည်ကို သတိပြုရမည်ဖြစ်သည်။ အထူးသဖြင့် နည်းပညာထွန်းကားနေသောကာလတွင် ပြည်သူလူထုကြား၌ သုံးစွဲနေသောလူမှုကွန်ရက်များကို အသုံးချ၍ မသမာသူတို့က မကောင်းမှုများ ကျူးလွန်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ နည်းပညာသည် လူသားများကောင်းကျိုးများကို ဆောင်ကြဉ်းနေသလို မသမာသူများက ထိုနည်းပညာကိုအသုံးပြု၍ လူသားတို့၏ အကျိုးစီးပွားများကို ဖျက်ဆီးနေကြသည်။ သတင်းအချက်အလက်နှင့်နည်းပညာ ထွန်းကားလာသည့်ခေတ်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမျက်နှာစာများပေါ်တွင် သတင်းတု၊ သတင်းယောင်၊ သတင်းအမှား၊ အမုန်းစကားနှင့် အလိမ်အညာလှည့်ဖြားမှုများ များစွာပေါ်ထွက်လျက်ရှိသည်။

မမှန်သတင်းများကို ဟန့်တားနိုင်ရန်အတွက် မခိုင်မာသည့်သတင်းအချက်အလက်အရင်းအမြစ်များကို အလွယ်တကူမယုံကြည်မိရန်လိုသည်။ အခြေအမြစ်မရှိသည့်သတင်းအချက်အလက်များကို မယုံကြည်ရန်အတွက် ဖော်ပြနေကျမဟုတ်သည့် ခါတော်မီသတင်းများ၊ သတင်းဟောင်းများ၊ ညှံ့ဖျင်းနေသည့် အချက်အလက်များ၊ တင်ပြမှုများ၊ မမှန်ကန်သည့်ပြောဆိုစည်းရုံးမှုများကို သတိထားရန်လိုပါသည်။ အများက အသိအမှတ်မပြု၊ မိမိကိုယ်တိုင်လည်း ကောင်းစွာမသိသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများထံမှ ပေါ်ထွက်လာသောသတင်းအချက်အလက်များကို မှန်ကန်မှုရှိမရှိ၊ ယုတ္တိတန်မှုရှိ မရှိ ကိုယ်ပိုင်ဆင်ခြင်တုံတရားဖြင့် သေချာစွာစိစစ်သုံးသပ်ကြည့်ရန် လိုအပ်ပေသည်။

နိုင်ငံရေး၊ စီးပွားရေး သတင်းမှားများကြောင့် ပြည်သူအချို့ နစ်နာဆုံးရှုံးမှုတို့နှင့် လမ်းမှားပေါ်သို့ ရောက်ရှိသွားကြသည့်အဖြစ်များကို သင်ခန်းစာယူကြရမည်ဖြစ်သည်။ မကြာသေးမီရက်ပိုင်းက နည်းပညာပိုင်းဖြင့် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ငွေကြေးလိမ်လည်မှုကိုတွေ့ရပေသည်။ အဆိုပါငွေကြေးလိမ်လည်မှုမျိုးကို ယခင်ကလည်း ကြုံတွေ့ခဲ့ဖူးပြီးဖြစ်သည်။ ယခုထပ်မံကြုံတွေ့ရခြင်းသည် ပြည်သူများကြားတွင် အသိအမြင်ဗဟုသုတများ လိုအပ်နေသည်မှာ ပေါ်လွင်ပေသည်။ မသမာသူများက လူပုဂ္ဂိုလ်အချို့၏ဘဏ်ငွေစာရင်းများအတွင်းမှ နည်းပညာဆိုင်ရာ ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ငွေကြေးလိမ်လည်လွှဲပြောင်းထုတ်ယူမှုများကျူးလွန်ခဲ့ရာ လူပုဂ္ဂိုလ်အချို့နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လုံခြုံရေးတပ်ဖွဲ့များက စုံစမ်းဖော်ထုတ်၍ ဖမ်းဆီးအရေးယူခြင်းများပြုလုပ်ခဲ့ရသည်။

ယခုအခါ ပြည်သူအများစုသည် ဆိုရှယ်မီဒီယာများနှင့် လူမှုကွန်ရက်များကို အသုံးပြုနေကြသည်။ မြန်မာနိုင်ငံတွင် ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ ဖေ့စ်ဘွတ်သုံးစွဲသူပေါင်း လူဦးရေသန်း ၃၀ နီးပါးရှိသည်ဟုသိရသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၅၁ ဒသမ ၆ ရာခိုင်နှုန်းရှိသည်။ လူမှုကွန်ရက်သုံးစွဲသူများပြားသလို လူမှုကွန်ရက်ပေါ်မှတစ်ဆင့် အဖျက်အမှောင့်အမျိုးမျိုးအပြင် ငွေကြေးလိမ်လည်မှုများ များပြားလာသည်ကိုတွေ့ရသည်။ ယခုကဲ့သို့ ငွေကြေးလိမ်လည်မှုနှင့်ပတ်သက်၍ ပြည်သူအချို့အနေဖြင့် မိမိတို့၏ အီးမေးလ်လိပ်စာ၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် လုပ်ငန်းလိပ်စာများကို ဆက်သွယ်မှုလွယ်ကူစေရန်အတွက် လူမှုကွန်ရက်ဆိုရှယ်မီဒီယာနှင့်ဖေ့စ်ဘွတ်တို့တွင် ဖော်ပြလေ့ရှိကြရာ ယင်းတို့ကိုအသုံးပြု၍ မသမာသူများက လိမ်လည်မှုများ ပြုလုပ်လာခြင်းဖြစ်သည်။

ပြစ်မှုကျူးလွန်သူများအနေဖြင့် အီးမေးလ်လိပ်စာများကို စောင့်ကြည့်ရယူပြီး ငွေကြေးလိမ်လည်လွှဲပြောင်းရယူနိုင်သည့် အခွင့်အလမ်းများရရှိခဲ့ခြင်းဖြစ်သည်။ လိမ်လည်သူများသည် KBZ Pay Account များအား မသိနားမလည်သူအချို့ထံမှ ငွေကြေးအနည်းငယ်အသုံးပြု၍ ဝယ်ယူကာ အဆိုပါ Account များဖြင့် ငွေကြေးလွှဲပြောင်းရယူရာတွင် ကြားခံအဖြစ် အသုံးပြုကြကြောင်းသိရှိရသည်။ ထို့ကြောင့် အများပြည်သူတို့အနေဖြင့် မိမိတို့၏ဘဏ် Account များအတွင်းမှ ငွေကြေးများကို မသမာသူဒုစရိုက်သမားများက ဆက်သွယ်ရေးကွန်ရက်နည်းပညာကို အသုံးပြု၍ လိမ်လည်လွှဲပြောင်းထုတ်ယူခြင်းမခံရစေရန် မိမိတို့၏ကိုယ်ရေးအချက်အလက်၊ မေးလ်လိပ်စာ၊ ဖုန်းနံပါတ်များအား လုံခြုံမှုရှိစေရန်၊ အထူးသတိပြုရန်နှင့် မသမာသူများ၏ အသုံးချခံမဖြစ်စေရေး ကိုယ်ရေးကိုယ်တာလိုအပ်ချက်မှတစ်ပါး ဘဏ် Account နှင့် KBZ Pay Account များ ဖွင့်လှစ်ရောင်းချခြင်းများ မပြုလုပ်ကြရန်လိုအပ်ပါသည်။

သို့ဖြစ်ရာ လူမှုကွန်ရက် အွန်လိုင်းနည်းပညာကို အသုံးပြုနေသော ပြည်သူများအနေဖြင့် မိမိတို့အတွက် ထိခိုက်နစ်နာမှုများမဖြစ်စေရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတို့တွင် နည်းပညာကိုအသုံးချ၍ မမှန်မကန်ဆောင်ရွက်နေသောမကောင်းမှုများအား လေ့လာသတိပြုနိုင်ရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၁၅/၂၀၂၃) ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) ဖြင့်လည်းကောင်း၊ နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့နှင့် စပ်လျဉ်း၍ ကြေညာချက်အမှတ် (၂/၂၀၂၃)၊ (၃/၂၀၂၃) တို့ဖြင့် လည်းကောင်း ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ**သည်လည်းကောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **ဒီမိုကရေစီပါတီသစ်(ကချင်) [New Democracy Party (Kachin)][N.D.P(Kachin)]** နှင့် **ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ**တို့သည်လည်းကောင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့ကို ယနေ့တွင် လာရောက်လျှောက်ထားခဲ့သဖြင့် တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်းရှိ ဆွမ်း/ကွမ်း ခက်ခဲသည့် ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲ အမယ်သုံးမျိုးကို ရဟန်း၊ သံဃာ၊ သာမဏေများအတွက် လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကော့သောင်းခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဦးစိုးနိုင်၊ ဒုတိယညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်သာသနာရေးဦးစီးဌာနမှ ဦးလှိုင်မျိုးလတ်၊ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ဓမ္မသိပ္ပံကျောင်းတိုက်သို့ ဆွမ်းဆန်တော်ငါးအိတ်၊ ဆီ ၁၀ ပိဿာ၊ ကုလားပဲ ခြောက်ပိဿာ စသည့် လှူဒါန်းဖွယ်ရာပစ္စည်းများအား ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံသို့ လှူဒါန်းခဲ့သည်။

အလားတူ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကချင်ပြည်နယ် ဗန်းမော်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လင်းနှင့် ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် ဗန်းမော်ခရိုင် နမ့်ဖားရပ်ကွက် နမ့်ဖားပရဟိတစာသင်တိုက်ရှိ သံဃာတော်များနှင့် သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲများနှင့် ဆွမ်း၊ ကွမ်းဝေယျာဝစ္စအတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၂ - ၂ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၃ | ၂၅,၅၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၀၀ | ၇,၇၁၅ | ၂၃,၉၁၆,၅၀၀ |
| MCB | ၇,၅၀၀ | ၇,၆၀၀ | ၆၉ | ၅၁၇,၆၀၀ |
| FPB | ၁,၇၅၀ | ၁,၇၀၀ | ၁,၁၃၈ | ၁,၉၃၅,၉၀၀ |
| TMH | ၂,၅၀၀ | ၂,၅၅၀ | ၂၆ | ၆၅,၉၅၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၁၅ | ၃၉,၀၀၀ |
| AMATA | ၄,၉၀၀ | ၅,၀၀၀ | ၇၂ | ၃၅၂,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၃၃.၁ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၄.၅၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၆၉၄ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၂.၈၁ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၃၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၃၂.၂ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၆၇.၅ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၅၇.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၀.၈၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအောင်မိုးစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၂-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ
ပွဲကစားချိန် ၁၃ မိနစ်တွင် ဘားအံပညာရေးဒီဂရီကောလိပ်အသင်းမှ ကျောနံပါတ်(၇)က အဖွင့်ဦးဆောင်ဂိုးကို လုပစ္စာသွင်းယူရရှိခဲ့ပြီး ပွဲကို ဦးဆောင်နိုင်ခဲ့သော်လည်း မိတ္ထီလာပညာရေးဒီဂရီကောလိပ်အသင်းက ပွဲကစားချိန် (၄၅) မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ချေပဂိုး ပြန်လည်သွင်းယူခဲ့ပြီး ပထမပိုင်း ပွဲကစားချိန် ပြီးဆုံးခဲ့သည်။

ယင်းနောက် ဒုတိယပိုင်းကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲကစားချိန် မိနစ် ၆၀ တွင် ဘားအံပညာရေးဒီဂရီကောလိပ်အသင်းက အလွတ်တည်ကန်ဘောမှတစ်ဆင့် ဒုတိယဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း မိတ္ထီလာပညာရေးဒီဂရီကောလိပ်အသင်းက ပွဲချိန် ၇၂ မိနစ်တွင် ချေပဂိုးထပ်မံသွင်းယူနိုင်ခဲ့ပြီး ပွဲကစားချိန် မိနစ် ၉၀ တွင် ဘားအံပညာရေး ဒီဂရီကောလိပ်အသင်းက တတိယအနိုင်ဂိုး သွင်းယူခဲ့သဖြင့် ဘားအံပညာရေးဒီဂရီကောလိပ်အသင်းက မိတ္ထီလာပညာရေးဒီဂရီကောလိပ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပထမဆုရရှိသည့် ဘားအံပညာရေးဒီဂရီကောလိပ်အသင်းကို ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဦးရန်ကျော်က အကောင်းဆုံးဂိုးသမားဆုရရှိသည့် ဘားအံပညာရေး ဒီဂရီကောလိပ်အသင်းမှ ဂိုးသမား စောလူမင်းအောင် ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်ဦးခွန်စံလွင်က အကောင်းဆုံး နောက်တန်းအားကစားသမားဆု ရရှိသည့် မကွေးပညာရေးဒီဂရီကောလိပ်အသင်းမှ မျိုးလင်းအောင် ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်ဒေါက်တာကျော်ထွန်းက အကောင်းဆုံး အလယ်တန်းအားကစားသမားဆုရရှိသည့် ဘားအံပညာရေး ဒီဂရီကောလိပ်အသင်းမှ ရဲသွေးကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဦးမောင်ကိုက အကောင်းဆုံး ရှေ့တန်းအားကစားသမားဆုရရှိသည့် မိတ္ထီလာပညာရေးဒီဂရီကောလိပ်အသင်းမှ ချိုတူး ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်က ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသည့် ဘားအံပညာရေးဒီဂရီကောလိပ်အသင်းမှစောတူးတူးဘီ ကို လည်းကောင်း တစ်ဦးချင်း အကောင်းဆုံး ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပိုးရယ်အောင်သိန်းက တတိယဆုရရှိသည့် မကွေးပညာရေးဒီဂရီကောလိပ်အသင်းကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဒုတိယဆုရရှိသည့် မိတ္ထီလာပညာရေးဒီဂရီကောလိပ်အသင်းကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပထမဆုရရှိသည့် ဘားအံပညာရေး ဒီဂရီကောလိပ်အသင်းကို လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပထမဆုရရှိသည့် ဘားအံပညာရေးဒီဂရီကောလိပ်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပထမဆုရရှိသည့် ဘားအံပညာရေး ဒီဂရီကောလိပ်အသင်းကို ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည်အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

(၂၀၂၂-၂၀၂၃) ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးတည်ချက် (၁၂) ရပ် အနက်မှ လူမှုရေးဦးတည်ချက် ဖြစ်သော တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အပြည့်အဝ အထောက်အကူဖြစ်စေရန်၊ အားကစားပွဲတော်မှ ထွက်ပေါ်လာမည့် ထူးချွန် အားကစားသမားများမှသည် နိုင်ငံတော်အတွက် အားထားရသော မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်းနှင့် တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ (အမျိုးသား)ဗိုလ်လုပွဲကိုလည်း ဖေဖော်ဝါရီ ၂၈ ရက်တွင် နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရန်ရှိကြောင်းလည်း သိရသည်။ **သတင်းစဉ်**

# (၇၈)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် (၂၉)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

(၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၂၉)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အစီအစဉ်အတိုင်း ပြုလုပ်**

ဦးစွာ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအဖွဲ့များက ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) အား အလေးပြုခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန် (၄)ချက် ရွတ်ဆိုခြင်းတို့ကို အစီအစဉ်အတိုင်း ပြုလုပ်သည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက (၇၈)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၂၉)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (ခ) အဆင့် စစ်တီးဝိုင်း ခေါင်းဆောင်ကျွမ်းကျင်မှု တတိယ ဆုရရှိသည့် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်၊ ဒုတိယဆုရရှိသည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အမှတ်(၁)တပ်ခွဲကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင် နှင့် ပထမဆုရရှိသည့် ဧရာဝတီတိုင်းစစ်ဌာနချုပ် အမှတ်(၂)တပ်ခွဲ ကိုယ်စားပြုစစ်တီးဝိုင်းခေါင်းဆောင်၊ (က)အဆင့်တွင် စစ်တီးဝိုင်းခေါင်းဆောင် အကောင်းဆုံးဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်တို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ (ခ)အဆင့်အသင်းလိုက် တတိယ ဆုရရှိသည့် အမှတ်(၅၅)ခြေလျင် တပ်မဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း၊ ဒုတိယဆုရရှိသည့် အမှတ် (၁၁)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း နှင့် ပထမဆုရရှိသည့် အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းတို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် (က)အဆင့် အသင်းလိုက် တတိယ ဆုရရှိသည့် စစ်တက္ကသိုလ် ကိုယ်စားပြု စစ်တီးဝိုင်း၊ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ကိုယ်စားပြု ရဲတီးဝိုင်းနှင့် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်တီးဝိုင်းတို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။


ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး (က)အဆင့် အသင်းလိုက် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်တီးဝိုင်းအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

အဆိုပါ တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲများကို ၁၉၉၂ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး (၇၈)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၂၉)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်မှစတင်၍ ကျင်းပပြုလုပ်ခဲ့ရာ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်းပေါင်း ၃၁ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်အုပ်ချုပ်ရေး (Martial Law) အမိန့်အမှတ်၊ ၈ / ၂၀၂၃ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၈ / ၂၀၂၃**

၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်
( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ရွှေဘိုမြို့နယ်၊ ဝက်လက်မြို့နယ်နှင့် အရာတော်မြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး(Martial Law)အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်။

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍ လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၉ / ၂၀၂၃ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၉ / ၂၀၂၃**

၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်
( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်စွဲပါ စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ်၊ ၈/ ၂၀၂၃ ဖြင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအား စစ်အုပ်ချုပ်ရေးကြေညာထားသည့် ရွှေဘိုမြို့နယ်၊ ဝက်လက်မြို့နယ်နှင့် အရာတော်မြို့နယ်များအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ယင်းတို့နှင့် သက်ဆိုင်သည့်လုပ်ငန်းတာဝန်များကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများ သတ်မှတ်၍ စစ်နယ်မြေမှူးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေး ဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော် လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်-

(က) **အုပ်ချုပ်ရေး**
- (၁) လုံခြုံရေးကိစ္စရပ်များ၊
- (၂) လူမှုရေးကိစ္စရပ်များ၊
- (၃) ကုန်သွယ်ရေးကိစ္စရပ်များ၊
- (၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

( ခ ) **တရားစီရင်ရေး**

(၁) **တရားရုံးများဖွဲ့စည်းခြင်း**။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း**။ စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။

(၃) **ပြစ်ဒဏ်ချမှတ်ခြင်း**။ နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးက ပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-
- (ကက) သေဒဏ်၊
- ( ခခ ) နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ်၊
- ( ဂဂ ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။

(၄) **အတည်ပြုခြင်း**။ စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ အတည်ပြုချက် ရရှိမှသာအတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
- (ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း။
- ( ခခ ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း။
- ( ဂဂ ) ပြစ်ဒဏ်ကိုပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့လျှော့ပေါ့ ပြောင်းလဲခြင်း။
- (ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကိုအတည်ပြုခြင်း။

(၅) **အယူခံခြင်း**။ စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့် စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။

(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း**။ စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ် ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅)ရက်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ(၁၅)ရက်အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးထံသို့ လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
- (ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
- ( ခခ ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
- ( ဂဂ ) ပြစ်ဒဏ်ကို ပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲ ခြင်း၊
- (ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၇) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ်(၆)တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် မိမိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေးအကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း ဖြစ်ပေါ်နေ သော အခြေအနေအရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ အစီရင်ခံရမည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**နောက်ဆက်တွဲဇယား(က)**

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊
၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၄-က)၊
၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ)၊
၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ)၊
၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊
၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊
၇။ မတရားအသင်းအက်ဥပဒေအရပြစ်မှုများ၊
၈။ လက်နက်အက်ဥပဒေအရပြစ်မှုများ၊
၉။ လူသတ်မှု၊
၁၀။ လူသေမှု၊
၁၁။ မုဒိမ်းမှု၊
၁၂။ လုယက်မှု၊
၁၃။ ဓားပြမှု၊
၁၄။ အဂတိလိုက်စားမှု၊
၁၅။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊
၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊
၁၇။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းများကာကွယ်စောင့်ရှောက်ရေး ဥပဒေအရ ပြစ်မှုများ၊
၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊
၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊
၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ပြစ်မှုများ။
၂၁။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရပြစ်မှုများ၊
၂၂။ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရပြစ်မှုများ၊
၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများ၊

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဟားခါးမြို့ရှိ မြို့မိ မြို့ဖများနှင့် တပ်နယ်မိသားစုဝင်များ၊ ကလေးမြို့ရှိ ကလေး၊ ကျီကုန်းတပ်နယ် မိသားစုဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် သီးခြားစီတွေ့ဆုံ၊ ကလေးမြို့နယ် ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေကြသော ဒေသခံပြည်သူများအား သွားရောက်ကြည့်ရှုအားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ကလေးမြို့ မြို့နယ်စုပေါင်းရုံးခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ချင်းပြည်နယ် ဟားခါးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ချင်းပြည်နယ်ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် ဟားခါးမြို့နယ်ရှိ ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြား၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည် ဟားခါးမြို့ ဇေတဝန်ဘုန်းတော်ကြီးကျောင်း၌ ချင်းတောင်တန်းသာသနာပြုဆရာတော် ဒေါက်တာ ဘဒ္ဒန္တတေဇောသာရ အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ သင်္ကန်းပရိက္ခရာ၊ နဝကမ္မအလှူငွေ၊ ဆေးဝါးများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဟားခါးမြို့ နယ်မြေခံတပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကား ပြောကြားပြီး တပ်နယ်မိသားစုများအား ဂုဏ်ပြုချီးမြှင့်ငွေများ၊ ထောက်ပံ့ပစ္စည်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည် ကလေးမြို့သို့ ရောက်ရှိကြပြီး ကလေးမြို့ နယ်မြေခံ တပ်နယ်အောင်ဆန်းခန်းမ၌ ကလေးနှင့် ကျီကုန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကား ပြောကြားပြီး တပ်နယ်မိသားစုများအား ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ကလေးမြို့ မြို့နယ်စုပေါင်းရုံးခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး တက်ရောက်လာကြသူများအား ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ကလေးမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသမှုခံယူနေကြသော ဒေသခံပြည်သူများအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ်နွေစပါးဧက ၃၄၈၀၀၀ စိုက်ပျိုးရန် လျာထားချက်ပြည့်မီစေရေးဆွေးနွေး



နေပြည်တော် ဖေဖော်ဝါရီ ၂၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ဖေဖော်ဝါရီလ တတိယပတ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်နိုင်ရေး၊ လယ်ယာထွက်ကုန် အခြေခံ တန်ဖိုးမြှင့် ကုန်ချောထုတ်လုပ်မှု ဖွံ့ဖြိုးလာစေရေးတို့အတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ သဖန်းဆိပ်ဆည် ရေသောက်ဧရိယာတွင် ဆောင်ရွက်မည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရေး အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီး၌ ယခုနှစ် နွေစပါး ဧက ၃၄၈၀၀၀ စိုက်ပျိုးရန် လျာထားချက် ပြည့်မီစေရေး၊ အခြေအနေပေးသည့် စိုက်ပျိုးမြေများတွင် ရရှိနိုင်သမျှ စိုက်ပျိုးရေ အရင်းအမြစ်များ ရှာဖွေအသုံးပြု၍ ရေအနည်းလိုသီးနှံများစိုက်ပျိုးပြီး သီးထပ်စွမ်းအားမြှင့်တင်ရေး၊ တစ်ပိုင်တစ်နိုင်မွေးမြူရေး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးနှင့် တိရစ္ဆာန်များ စစ်ဆေးကုသခြင်း၊ ထောက်ခံချက်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး စသည့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

အလားတူ မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော နကျယ်သုတေသန ခြံခွဲခန်း၊ မှိုမျိုးစေ့ထုတ်သုတေသန ခြံခွဲခန်းကို လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန သုတေသနခြံခွဲခန်း၏ မျိုးစေ့ခြံခွဲခန်း၊ ပိုးမွှားကာကွယ်ရေး ခြံခွဲခန်း၊ မြေအသုံးချရေး ခြံခွဲခန်းနှင့် သုတေသန စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

စစ်ကိုင်းတိုင်း ဒေသကြီး၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်စဉ် ကလေးမြို့နယ်ရှိ စံပြစိုက်ကွက်တောင်သူများ၊ မျိုးစေ့ထုတ်တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တောင်သူများ၏ လိုအပ်ချက်များကို မေးမြန်းဆွေးနွေးပြီး နွေစပါးစိုက်ပျိုးရန် (GW11)မျိုးစေ့များ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ ကွမ်းသီးပျိုးပင်များနှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ရာ တောင်သူကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းငါးလုပ်ငန်းသင်တန်းကျောင်း၌ ငါးပုစွန်ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အရည်အသွေး ထိန်းသိမ်းခြင်းသင်တန်း ဖွင့်လှစ်

စစ်ကိုင်း ဖေဖော်ဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ငါးလုပ်ငန်းသင်တန်းကျောင်း (စစ်ကိုင်း)တွင် ငါး/ပုစွန်ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်းနှင့်အရည်အသွေး ထိန်းသိမ်းခြင်းသင်တန်းကို ယနေ့နံနက်ပိုင်းက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် စစ်ကိုင်းခရိုင်စီမံကိန်းနှင့် စာရင်းအင်းဌာနမှူး ဦးစိုးလှိုင်ဦး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဦးဇော်လွင်၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေရေးရာ ဦးစီးဌာနမှ ဒေါ်မူမူသင်းနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်သည်။ ငါးလုပ်ငန်းသင်တန်း ကျောင်းအုပ်ကြီး ဒေါ်ဥမ္မာအောင်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသို့ စစ်ကိုင်းခရိုင်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စိတ်ပါဝင်စားသူ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကာ သင်တန်းကာလမှာ နှစ်ရက်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ငွေတိုးစီမံကိန်းများကြောင့် ပြည်သူများ ဝင်ငွေတိုးတော့မည်

**မောင်ကျော်မိုး (SSID)**

**မောင်တိုး**။ ။ အဘိုးရေ. . .အဘိုး၊ အဘိုးရေ. . . အဘိုး။

**ဦးငွေ** ။ ။ ဟ ဘာလဲကွာ ရေးကြီးသုတ်ပြာနဲ့ ဘာလို့ အဆက်မပြတ် အော်ခေါ်နေရသလဲကွ။

**မောင်တိုး**။ ။ အဘိုးရေ ကျွန်တော်အခုပဲ မြို့က ပြန်လာတာ၊ အဘိုးအတွက် စားစရာတွေလာပို့ရင်း သတင်းထူးတစ်ခုကြားလို့ အဘိုးကို လာပြောတာပါဗျ။ အဘိုးက ရှေးရှေးကတည်းက စာတတ်ပုဂ္ဂိုလ်လည်းဖြစ်၊ ရွာကလည်း လေးစားရတဲ့သူတစ်ယောက်မို့ပါဗျ။

**ဦးငွေ** ။ ။ အေးပါကွ၊ ကိုယ့်အဘိုးကို အဲဒီလောက် အမွှမ်းတင်နေစရာမလိုပါဘူးကွာ၊ ပြောစရာရှိတာသာပြောပါ။

**မောင်တိုး**။ ။ ကျွန်တော် မြို့သွားတုန်းက မြို့က လက်ဖက်ရည်ဆိုင်မှာ လူတွေပြောနေကြတာ နားထောင်ကြည့်ရင်း ကြားခဲ့ရတာဗျ။ အခုတလော နိုင်ငံတော်ဝန်ကြီးချုပ်က MSME လုပ်ငန်းတွေ ဖွံ့ဖြိုးရေးဆောင်ရွက်ဖို့ နိုင်ငံအနှံ့သွားရင်း လမ်းညွှန်မှုတွေ ပြုလုပ်နေတာ အဘိုးလည်း သိတယ်မဟုတ်လား။

**ဦးငွေ** ။ ။ အေးလေ TV တွေထဲမှာ နေ့တိုင်းနီးပါး တွေ့နေရတော့ ငါလည်း သိပြီးပါပြီ။

**မောင်တိုး**။ ။ အခုဟာက ပိုထူးတယ်အဘိုးရေ . . . ကျွန်တော်တို့ရွာတွေမှာ ကိုယ့်အားကိုယ်ကိုးနဲ့ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းလေးတွေ ရွာတိုင်းရှိနေတာ အဘိုးလည်း သိနေတာပဲ။ အခုက အဲဒီလိုကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ့်အားကိုယ်ကိုးလုပ်နေကြတဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းတွေကို ဖွံ့ဖြိုးတိုးတက်အောင် သမဝါယမ



အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း ပို့ချစဉ်။

နှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကျေးရွာတစ်ရွာ ကျပ်သိန်းတစ်ရာ (သိန်း ၁၀၀) ထောက်ပံ့ကူညီပေးမယ့် အစီအစဉ်ရှိတယ်လို့ ကြားလို့ဗျ။ ကျွန်တော်တို့ရွာက အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်နေသူတွေကို ရစေချင်လို့ပါ အဘိုးရ။

**ဦးငွေ** ။ ။ အေးပါကွာ. . .ဒါဆိုမင်းက ပြည့်ပြည့်စုံစုံမေးခဲ့လို့လားကွ၊ မင်းကလည်း နိုင်ငံတော်က ကျေးရွာတိုင်း တစ်ရွာကို ကျပ်သိန်း ၁၀၀ ဘယ်လိုလုပ် အလကားပေးနိုင်မှာလဲကွ။

**မောင်တိုး**။ ။ ကျွန်တော်ကလည်း အဘိုးမြေးပါဗျ။ လက်ဖက်ရည်ဆိုင်က သတင်းကြားကြားချင်း မြို့က အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးမှာ သေသေချာချာ မေးခဲ့တာပါ အဘိုးရ. . .။

**ဦးငွေ** ။ ။ အေး . . . ဒါဆို အသေးစိတ် ပြောပြစမ်းပါဦး . . .။

**မောင်တိုး**။ ။ အဓိကကတော့ ကျေးရွာမှာ အသေးစား ကုန်ထုတ်လုပ်ငန်း တကယ်လုပ်ကိုင်လိုတဲ့သူတွေကို ထောက်ပံ့ပေးမှာတဲ့။ ရွာအလိုက် အသေးစားကုန်ထုတ်လုပ်ငန်းလုပ်ကိုင်လိုသူတွေက အရင်ဆုံး အစုအဖွဲ့တွေဖွဲ့ရမယ်။ ပြီးရင် သူတို့လုပ်ချင်တဲ့ ကုန်ထုတ်လုပ်ငန်းအမျိုးအစားကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကျွမ်းကျင်ပညာရှင်တွေက နည်းပညာပေးသင်တန်းပို့ချပေးမယ်တဲ့။ ပို့ချပေးလို့ တတ်မြောက်ကျွမ်းကျင်သွားရင် သူတို့လုပ်မယ့် လုပ်ငန်းအတွက် လိုအပ်မယ့် လုပ်ငန်းသုံးပစ္စည်းတွေကို လူတစ်ဦးကို ၁၀ သိန်းနှုန်းနဲ့ ညီမျှတဲ့ ပစ္စည်းတွေ ထောက်ပံ့ပေးမယ်။ သင်တန်းတက်တဲ့သူတွေထဲက ငါးဦးကိုပဲ ထောက်ပံ့ပေးမှာတဲ့ဗျ အဘိုးရ. . .။

**ဦးငွေ** ။ ။ ဟေ. . .ဒါဆို မင်းပြောတော့ တစ်ရွာကို ကျပ်သိန်းတစ်ရာဆိုကွ၊ အခုက သိန်း ၅၀ ထဲ ပေးသလိုဖြစ်နေတယ်။

**မောင်တိုး**။ ။ ဟာ. .အဘိုးကလည်း ဒါကိုကျွန်တော် သေချာရှင်းပြပါ့မယ်။ ကျန်တဲ့ သိန်း ၅၀ က သင်တန်းပေးရဦးမှာလေ။ သင်တန်းကုန်ကျစရိတ်ကို သိန်း ၅၀ လျာထားပါတယ်တဲ့။ သင်တန်းမှာ ကုန်ကြမ်းဝယ်တာတွေ အပါအဝင် အဲဒီသိန်း ၅၀ လုံးကို ခုန ရွာကဖွဲ့စည်းထားတဲ့ အဖွဲ့ကပဲ ငွေစာရင်း စနစ်တကျရေးဆွဲပြီး ထိန်းသိမ်းသုံးစွဲရမှာတဲ့အဘိုးရ၊ ဒါ့အပြင် သင်တန်းက တစ်ကြိမ်တည်းမဟုတ်ဘဲ ကုန်ထုတ်လုပ်တဲ့ နည်းပညာတွေအပြင် ဈေးကွက်နဲ့ဆိုင်တာတွေ၊ အရည်သွေးထိန်းသိမ်းနည်းတွေ၊ စားသုံးတဲ့သူတွေ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ရမယ့် နည်းလမ်းတွေကို ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင် ဆရာ ဆရာမတွေက လာသင်ပေးဦးမှာတဲ့ အဘိုးရ . . .။

**ဦးငွေ** ။ ။ ဟေ . . . ဒါဆို အသေးစားကုန်ထုတ်လုပ်သူတွေအတွက် ဘာလိုဦးတော့မလဲကွ၊ အတော်ဟန်ကျတာပဲ။

**မောင်တိုး**။ ။ ဟုတ်တယ် အဘိုးရေ. . .နည်းပညာလည်း စနစ်တကျသင်ခွင့်ရမယ်။ သင်တန်းပြီးရင် ရင်းနှီးပစ္စည်းတွေလည်းရမယ်ဆိုတော့ လုပ်ငန်းလုပ်လိုတဲ့သူတွေအတွက် “ရေကန်အသင့် ကြာအသင့်” ပဲပေါ့ အဘိုးရေ။ ဒါတင်မဟုတ်ဘဲနဲ့ ထုတ်လုပ်လိုက်တဲ့ ကုန်ပစ္စည်းတွေ ရောင်းချဖို့အတွက်လည်း ခါတ်ခွဲစမ်းသပ်ပေးတာတွေ၊ မြို့က Super Market ကြီးတွေမှာတင်ပြီး ရောင်းချဖို့အတွက် လုပ်ငန်းမှတ်ပုံတင်လုပ်ပေးတာတွေလည်း ဌာနက ကူညီဆောင်ရွက်ပေးဦးမှာတဲ့ဗျ။ ဒါ့အပြင် အခါအားလျော်စွာလုပ်တဲ့ အသေးစားထုတ်ကုန်ပစ္စည်း ဈေးရောင်းပွဲတော်တွေမှာလည်း အခမဲ့ကြော်ငြာပြီး ရောင်းချခွင့် ပေးဦးမှာတဲ့ အဘိုးရေ. . . .။

**ဦးငွေ** ။ ။ အေး . . . ဒါဆိုရင် MSME လုပ်ငန်းလုပ်လိုတဲ့ တို့ရွာကသူတွေကို ကြိုပြီးအသိပေးဦးမှပေါ့ မောင်တိုးရေ ... ။

**မောင်တိုး**။ ။ အဲဒါကြောင့် အဘိုးကို ပြေးပြီး လာပြောရတာပေါ့ အဘိုးရာ . . .။

**ဦးငွေ** ။ ။ အေးပါကွာ ငါ့မြေးရာ . . . မင်းလိုလူငယ်တွေ တို့ရွာမှာ အများကြီး လိုအပ်တယ်ကွ၊ ဒါနဲ့ ငါတို့နိုင်ငံမှာ ကျေးရွာပေါင်း ၆၄၀၀၀ ကျော်ရှိတယ်ဆိုတော့ ရွာတိုင်းရမှာလားကွ မောင်တိုးရ။

**မောင်တိုး**။ ။ အဲဒါပြောမလို့ အဘိုးရေ. . . ရွာတိုင်း မရဘူးတဲ့ . . . တကယ်လုပ်ငန်း ထူထောင်လိုတဲ့ရွာတွေထဲက ရွာပေါင်း ၁၅၅ ရွာတည်းရမှာတဲ့၊ ရှေ့ပြေး စမ်းသပ်စီမံကိန်းဆိုလားတဲ့ဗျာ။

**ဦးငွေ** ။ ။ အော်..အဲဒီလိုလားကွ၊ ဒါဆို တို့ရွာမှာ အဲဒီ “ငွေတိုး” (Ngwe Toe) စီမံကိန်းလုပ်လို့ရအောင် ရွာကသူတွေကို ညကျစုပြီး ရှင်းပြလိုက်မယ်ကွာ။ သူတို့ တကယ်လုပ်ချင်တယ်ဆိုရင်တော့ ငါလည်း ရွာထဲကလူကြီးအချို့ခေါ်ပြီး မင်းနဲ့အတူ မြို့ကို တက်ရတော့မှာပဲ။ အသေးစားဌာနက လူကြီးတွေကို အမြန်သွားတွေ့ပြီး မြန်မြန်ကြိုတင်စီစဉ်မှ မောင်တိုးရေ။ တော်ကြာ ငါတို့ရွာဖွံ့ဖြိုးဖို့ အဓိကလိုအပ်တဲ့ အသေးစားကုန်ထုတ်လုပ်ငန်းတွေအတွက် အကူအညီပေးတာ “ပေးကားပေး၏ မရ” ဖြစ်နေလိမ့်မယ်။

**မောင်တိုး**။ ။ ဟုတ်ပါ့ အဘိုးရေ . . . အမြန်ဆုံး စီစဉ်ကြရအောင်ဗျ။

မဝေးတော့တဲ့ အနာဂတ်မှာ အသေးစားကုန်ထုတ်လုပ်ငန်းတွေ ဖွံ့ဖြိုးမှုကနေ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးမှုဆီသို့ ဦးတည်နေပါပြီလော။ ။

> **“အဓိကကတော့ ကျေးရွာမှာ အသေးစားကုန်ထုတ်လုပ်ငန်း တကယ်လုပ်ကိုင်လိုတဲ့သူတွေကို ထောက်ပံ့ပေးမှာတဲ့။ ရွာအလိုက် အသေးစားကုန်ထုတ်လုပ်ငန်းလုပ်ကိုင်လိုသူတွေက အရင်ဆုံး အစုအဖွဲ့တွေဖွဲ့ရမယ်။ ပြီးရင် သူတို့လုပ်ချင်တဲ့ ကုန်ထုတ်လုပ်ငန်းအမျိုးအစားကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကျွမ်းကျင်ပညာရှင်တွေက နည်းပညာပေးသင်တန်းပို့ချပေးမယ်တဲ့။ ပို့ချပေးလို့ တတ်မြောက်ကျွမ်းကျင်သွားရင် သူတို့လုပ်မယ့်လုပ်ငန်းအတွက် လိုအပ်မယ့်လုပ်ငန်းသုံးပစ္စည်းတွေကို လူတစ်ဦးကို ၁၀ သိန်းနှုန်းနဲ့ ညီမျှတဲ့ပစ္စည်းတွေ ထောက်ပံ့ပေးမယ်။ သင်တန်းတက်တဲ့သူတွေထဲက ငါးဦးကိုပဲ ထောက်ပံ့ပေးမှာတဲ့ဗျ”**



ဝါးအခြေခံလက်မှုထည် နည်းပညာသင်တန်း ပို့ချစဉ်။



တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ပို့ချစဉ်။

# ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလ နေပြည်တော်ရှိ ပြည်သူများ ပျော်ရွှင်စွာဆင်နွှဲနိုင်ရေးအတွက် လမ်းလျှောက်သင်္ကြန်ကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလ နေပြည်တော်ရှိပြည်သူများ ပျော်ရွှင်စွာဆင်နွှဲနိုင်ရေးအတွက် လမ်းလျှောက်သင်္ကြန် ကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ထည့်သွင်းကျင်းပသွားမည်**

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုနှစ်ဧပြီလတွင် ကျရောက်မည့် မြန်မာ့ရိုးရာ နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို နေပြည်တော်၌ ခမ်းနားအောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ နေပြည်တော်၌ ကျင်းပမည့် ယခုနှစ်သင်္ကြန်တွင် လမ်းလျှောက်သင်္ကြန်ကို ထည့်သွင်းကျင်းပသွားမည် ဖြစ်ပါကြောင်း။

လမ်းလျှောက်သင်္ကြန်ကို နေပြည်တော်၌ ပထမဆုံး ထည့်သွင်းကျင်းပခြင်းဖြစ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှုအငွေ့အသက်များ မပျောက်ပျက်အောင် စံနမူနာပြ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ကျင်းပရာတွင် ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ စနစ်တကျ သုံးသပ်စီမံ ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ယခုနှစ်မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်တွင် နေပြည်တော်ရှိ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် ဒေသနေပြည်သူများ ပျော်ရွှင်စွာဆင်နွှဲနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ Brilliant Aura ကုမ္ပဏီမှတာဝန်ရှိသူနှင့် တက်ရောက်လာကြသူများက ယခုနှစ် နေပြည်တော်၌ ကျင်းပမည့် သင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး၊ အားလုံးပါဝင် ပျော်ရွှင်စေရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။



ယင်းနောက် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်နှင့်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် ယမန်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကမ်းခြေဒေသနှင့် ဆက်စပ်သောခရီးစဉ်ဒေသများ၌ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး၊ ပြည်ပခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လာစေရေး၊ ပြည်တွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ ငွေဆောင်နှင့် ချောင်းသာကမ်းခြေဒေသများ၌ ပွဲတော်ကာလများအတွင်း ခရီးသွားဧည့်သည်များ တည်းခိုနေထိုင်မှု အဆင်ပြေစေရေးနှင့် ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်နိုင်ရေးတို့အတွက် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်ဟိုတယ်သို့ရောက်ရှိကာ ပုသိမ်မြို့ရှိ ဟိုတယ်လုပ်ငန်းရှင်များနှင့် ဟိုတယ်များမှ တာဝန်ရှိသူများကို တွေ့ဆုံသည်။ ရှေးဦးစွာ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ရုံးခွဲတာဝန်ခံ ညွှန်ကြားရေးမှူးက ဧရာဝတီတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဆောင်ရွက်နေမှု၊ ခရီးသွားမြှင့်တင်ရေးနှင့် ခရီးသွားလုပ်ငန်းဖော်ဆောင်နေမှုကို ရှင်းလင်းတင်ပြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ အချိန်တိုအတွင်း မူလအခြေအနေသို့ရောက်ရှိရန်နှင့် ထိုမှတစ်ဆင့် ပိုမိုတိုးတက်လာစေရေးအတွက် အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်နိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းမှာ နိုင်ငံတော်အတွက် အကျိုးရှိသောလုပ်ငန်းဖြစ်သကဲ့သို့ ဒေသခံလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အပံ့ဖြစ်စေပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက တိုးတက်လာသည့်အတွက် ၂၀၂၃ ခုနှစ်တွင် ပိုမိုတိုးတက်လာစေရန် အားလုံးဝိုင်းဝန်းကြိုးစားသွားကြစေလိုပါကြောင်း၊ အလားတူ ပြည်တွင်းခရီးသွားလုပ်ငန်းတိုးတက်ရေးကိုလည်း အလေးထားကြိုးစားအကောင်အထည်ဖော် သွားကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်ပခရီးသွားဈေးကွက်ရရှိရေးကို ဆောင်ရွက်လျက်ရှိရာ အသင်းအဖွဲ့များနှင့် လုပ်ငန်းလုပ်ကိုင်သူများအားလုံး ပူးပေါင်းပါဝင်ကြစေလိုပါကြောင်း၊ လုပ်ငန်းတိုးတက်ရေးအတွက် ဆောင်ရွက်ကြရာတွင်လည်း နိုင်ငံ၏ အကျိုးစီးပွား၊ ဒေသ၏ အကျိုးစီးပွားတို့ကို ဂရုစိုက်အလေးထားကြရန်လိုအပ်ပါကြောင်း၊ ဟိုတယ်များအနေဖြင့် မိမိတို့ဟိုတယ်သို့ လာရောက်တည်းခိုကြသည့် ဧည့်သည်များ တန်ဖိုးနှင့်ညီမျှသော ဝန်ဆောင်မှုကောင်းများ ပေးစွမ်းနိုင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များအား ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ ချောင်းသာကမ်းခြေဒေသရှိ AZURA ဟိုတယ်တွင် ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းသို့ ခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လာရေးအတွက် မူဝါဒပိုင်းဆိုင်ရာနှင့် စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ ကဏ္ဍနှစ်ခုကို ဟန်ချက်ညီစွာ ဝိုင်းဝန်းကြိုးစားအကောင်အထည်ဖော်ကြရေး၊ သဘာဝနှင့်လိုက်လျောညီထွေဖြစ်ပြီး မပျက်စီးသေးဘဲ ပကတိအတိုင်း သာယာလှပမှုရှိသော ကမ်းခြေဒေသများ ဖြစ်နေစေရေး၊ ဧည့်သည်များပိုမိုလာရောက်ကြရန် ဈေးကွက်မြှင့်တင်ကြော်ငြာရေး၊ ကမ်းခြေဒေသပတ်ဝန်းကျင်နှင့်ဆက်စပ်ပြီး ခရီးသွားဆွဲဆောင်ရာ နေရာများ ဖော်ထုတ်ကြရေး၊ ဒေသထွက်ထုတ်ကုန်များနှင့် ကြိမ်ထည်ပစ္စည်းများအား တွင်ကျယ်စွာအသုံးပြုကြရေးနှင့် ချောင်းသာဒေသခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် ဝိုင်းဝန်းလုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ ချောင်းသာကမ်းခြေသို့ ခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေနေမှုကို လှည့်လည်ကြည့်ရှုသည်။

ယနေ့ နံနက်ပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် ငွေဆောင်ကမ်းခြေဒေသရှိ ယမုံနာဦးဟိုတယ်၌ ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်-ငွေဆောင်ကားလမ်းဘေး ၁၉ မိုင် ငွေဆောင်အပန်းဖြေဆင်စခန်းသို့ သွားရောက်ကာ ခရီးသွားဧည့်သည်များ ဆင်စီးအပန်းဖြေအနားယူနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုသိမ်ရုံးခွဲသို့ ရောက်ရှိကာ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ကြီးဌာနသည် ဝန်ဆောင်မှုပေးရသောဌာနဖြစ်သည့်အတွက် လုပ်ငန်းလုပ်ကိုင်သူများအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီပံ့ပိုးပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# လှည်းကူးမြို့နယ်၌ အသက်(၈၅)နှစ်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေများ ပေးအပ်

**လှည်းကူး ဖေဖော်ဝါရီ ၂၂**

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် လူမှုဝန်ထမ်းကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ အသက်(၈၅)နှစ်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေများကို လက်ဝယ်အရောက် ပေးအပ်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာအုပ်စု၌ အသက်(၈၅)နှစ်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်များကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများက လက်ဝယ်အရောက် ကွင်းဆင်း၍ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အဆိုပါ ထောက်ပံ့ငွေများ ပေးအပ်ရာတွင် တာဝန်ရှိသူများက ဇရပ်ကွင်းကျေးရွာအုပ်စုအတွင်းရှိ အသက်(၈၅)နှစ်အထက် သက်ကြီးဘိုးဘွားများအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် တတိယ သုံးလပတ်အတွက် နိုင်ငံတော်မှ ထောက်ပံ့သည့် လူမှုရေးပင်စင် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ ဖြင့် အဘိုးအဘွားများထံသို့ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# ငှက်ဖျားရောဂါရှာဖွေခြင်း၊ ကုသခြင်းတို့နှင့် စပ်လျဉ်း၍ မဖြစ်မနေ သတင်းပေးပို့ရေး ထုတ်ပြန်ကြေညာခြင်း အခမ်းအနားကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၏ ငှက်ဖျားရောဂါရှာဖွေခြင်း၊ ကုသခြင်းတို့နှင့်စပ်လျဉ်း၍ မဖြစ်မနေ သတင်းပေးပို့ရေး ထုတ်ပြန်ကြေညာခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရည်မှန်းချက်ထားဆောင်ရွက်**

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာန အမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်အနေဖြင့် ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း ကူးစက်ခံရသော ဖယ်စီပါရမ် ငှက်ဖျားပိုးတွေ့သူလုံးဝမရှိစေရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် ခြင်ကိုက်ခံရခြင်းမှတစ်ဆင့် လူအချင်းချင်းကူးစက်သော ငှက်ဖျားပိုးတွေ့ လူနာလုံးဝမရှိစေရန် ရည်မှန်းချက်ထားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ငှက်ဖျားရောဂါ ကာကွယ်ထိန်းချုပ်ရေးမဟာဗျူဟာ (၂၀၁၆-၂၀၃၀) (Global Technical Strategy for Malaria 2016-2030)ပါ လုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ငှက်ဖျားရောဂါကူးစက်မှုပပျောက်ရေးအတွက် အရေးပါသည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် ငှက်ဖျားရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းကို အချိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ငှက်ဖျားရောဂါရှာဖွေကုသရာတွင် ငှက်ဖျားပိုးတွေ့ရှိပါက ငှက်ဖျားရောဂါကူးစက်မှုကို ဖြတ်တောက်ရန်အတွက် ပိုးတွေ့ရှိပြီးချိန်မှ ၂၄ နာရီအတွင်း သက်ဆိုင်ရာဒေသရှိ ကျန်းမာရေးဌာနသို့ မဖြစ်မနေ သတင်းပေးပို့ရန် လိုအပ်ကြောင်း။

ကဏ္ဍအသီးသီးမှ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူများအနေဖြင့် ငှက်ဖျားသွေးဖောက်စစ်ဆေးကုသပေးခြင်းအစီရင်ခံစာကို သက်ဆိုင်ရာခရိုင်/ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ လစဉ်ပေးပို့ရမည်ကို သိရှိစေရန်နှင့် ငှက်ဖျားပိုးတွေ့လူနာတွေ့ရှိပါက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ငှက်ဖျားပိုးတွေ့လူနာနှင့် ပတ်သက်သော သတင်းအချက်အလက်များကို တယ်လီဖုန်းဖြင့်ဖြစ်စေ၊ စာတိုသတင်းပို့ခြင်း (SMS)ဖြင့် ဖြစ်စေ ၂၄ နာရီအတွင်း မဖြစ်မနေ သတင်းပေးပို့ရမည်ကို ကျယ်ပြန့်စွာ သိရှိစေရန် အသိပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**ဟန်ချက်ညီညီလက်တွဲ လုပ်ကိုင်**

ငှက်ဖျားရောဂါကူးစက်မှုပပျောက်ရေးလုပ်ငန်း (Malaria Elimination) သည် မြန်မာနိုင်ငံ အပါအဝင် "မဟာမဲခေါင်ဒေသ (၆)နိုင်ငံတွင် ၂၀၃၀ ပြည့်နှစ်မတိုင်မီ ငှက်ဖျားကူးစက်မှု ပပျောက်ရေး ဆောင်ရွက်မည်" ဆိုသည့် ကတိကဝတ်ကို အကောင်အထည်ဖော်နေခြင်းဖြစ်သဖြင့် ကဏ္ဍအသီးသီးမှ မိတ်ဖက်အဖွဲ့အစည်းတိုင်းက ရည်မှန်းချက်တူ၊ ရည်ရွယ်ချက်တူ၊ နည်းဗျူဟာတူညီစွာဖြင့် ဟန်ချက်ညီညီ လက်တွဲလုပ်ကိုင်ရမည်ဖြစ်ကြောင်း၊ ငှက်ဖျားကူးစက်မှုပပျောက်ရေး နည်းဗျူဟာများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အသိပေးဆွေးနွေးခြင်းနှင့်သင်တန်းများ ပို့ချခြင်း၊ လုပ်ငန်းအထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းခြင်း၊ စီမံချက်နည်းဗျူဟာ ချမှတ်ခြင်း၊ သတင်းအချက်အလက် စီမံခန့်ခွဲခြင်းတို့ကို စနစ်တကျ အချိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန်ဖြစ်ကြောင်း မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေး စီမံချက်မန်နေဂျာ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာနေရည်ရည်လင်းက မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါဖြစ်ပွားမှု အခြေအနေနှင့် ငှက်ဖျားရောဂါရှာဖွေခြင်း၊ ကုသခြင်းတို့နှင့် စပ်လျဉ်း၍ မဖြစ်မနေ သတင်းပေးပို့ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် ငှက်ဖျားရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ခင်းကျင်းပြသထားသော ပြခန်းငယ်အား လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး / ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်မှ တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(မြန်မာနိုင်ငံ)၊ ကမ္ဘာ့ရန်ပုံငွေအဖွဲ့နှင့် ငှက်ဖျားမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၅၁)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ တတိယနေ့ ဆက်လက်ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၅၁)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ တတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၅) ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် ပတ်ဝန်းကျင်အာဆင်းနစ်အဆိပ်သင့်မှုကြောင့် ယင်းဒေသတွင် နေထိုင်သူများ၌ တွေ့ရှိရသည့် ရေတို/ရေရှည်ဘေးထွက်ဆိုးကျိုးများကို ကျန်းမာရေး အသိပညာပေးရန် အရေးပါပုံ၊ အာဆင်းနစ် ပါဝင်သောရေကို ကာလရှည်သောက်သုံးထားသည့် ကိုယ်ဝန်ဆောင်မိခင်များမှ မွေးဖွားလာသော ကလေးများ၏ ကြီးထွားဖွံ့ဖြိုးမှုကို လေ့လာထားရှိသည့်သုတေသနရလဒ်များနှင့် သောက်သုံးရေတွင် အာဆင်းနစ်ပါဝင်မှုပမာဏ လျှော့ကျစေအောင် ဆောင်ရွက်နိုင်သည့် နည်းလမ်းများအကြောင်း သိကောင်းစရာများကို တင်ပြဆွေးနွေးကြမည့် "Myanmar-Japan Joint Symposium (2023): Health Hazards of Environmental Arsenic Poisoning - ပတ်ဝန်းကျင်ရှိ အာဆင်းနစ်အဆိပ်သင့်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်များနှင့်ပတ်သက်သော ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ" ကို ကျင်းပသည်။

**သဘာပတိများအဖြစ်**

အဆိုပါနှီးနှောဖလှယ်ပွဲတွင် သဘာပတိများအဖြစ် Myanmar Institute of Strategic and International Studies, Ministry of Foreign Affairs မှ ဝါရင့်အကြံပေးအဖွဲ့ဝင်၊ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဗဟိုကျန်းမာရေးပညာဌာန ညွှန်ကြားရေးမှူး(ငြိမ်း)ဒေါက်တာခင်မောင်လွင်နှင့် ဂျပန်နိုင်ငံ University of Miyazaki မှ Professor Yoshitaka Hishikawa တို့က ဆောင်ရွက်ကြပြီး သဘာပတိ ဒေါက်တာခင်မောင်လွင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ဂျပန်နိုင်ငံ University of Miyazaki မှ Professor Dr. Yoshiki Kuroda က "အာဆင်းနစ်ပမာဏ ၅၀ ပီပီဘီထက်များသောရေကို သောက်သုံးသည့် ကိုယ်ဝန်ဆောင် မိခင်များမှ မွေးဖွားလာသောကလေးများ၏ ကြီးထွားမှုကိုလေ့လာခြင်း" ကိုလည်းကောင်း၊ University of Miyazaki, Assistant Professor Yasunori Yano က "သောက်သုံးရေတွင် အာဆင်းနစ်ဓာတ်လျှော့ချသည့်နည်းလမ်းအမျိုးမျိုး" ကိုလည်းကောင်း၊ University of Miyazaki မှ Professor Dr. Masahiro Amano က "ဂျပန်နိုင်ငံ အာဆင်းနစ်များသော တိုရိုကုဒေသတွင် နေထိုင်သောသူများ၏ အာဆင်းနစ်အဆိပ်သင့်မှုကို လေ့လာခြင်း" ကို လည်းကောင်း၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာခင်ဖြူဖြူက "အာဆင်းနစ်များသော ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းဒေသရှိနေထိုင်သူများ၏ ရေမှတစ်ဆင့် အာဆင်းနစ်အဆိပ်သင့်မှုရှိ/ မရှိလေ့လာခြင်းနှင့် သောက်သုံးရေတွင် အာဆင်းနစ်ဓာတ်လျှော့ချသည့်နည်းလမ်းကို လေ့လာသောသုတေသန"ကိုလည်းကောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အရေပြားရောဂါအထူးကုဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာခိုင်ခိုင်ဇော်က "ခရုသင်းရောဂါလူနာများတွင်တွေ့ရသော အာဆင်းနစ်ကြောင့်ဖြစ်သည့် အရေပြားကင်ဆာရောဂါကို လေ့လာခြင်း" ကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာခင်မောင်လွင်က "အာဆင်းနစ်အဆိပ်သင့်စေသောရေများကို အများပြည်သူများ သောက်သုံးမှုမှလျှော့ချပေးနိုင်သော နည်းလမ်းများကိုလေ့လာခြင်း"ကို လည်းကောင်း သုတေသနတွေ့ရှိချက်များနှင့်တကွ ရှေ့ဆောင်ရွက်မည့် အစီအစဉ်တို့ကို ဆွေးနွေးတင်ပြကြသည်။

**မေးမြန်းဆွေးနွေးအကြံပြု**

အဆိုပါ ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲသို့ ပြည်တွင်း ပြည်ပမှ ပညာရှင်များ၊ သုတေသီများ ၁၅၀ ခန့် တက်ရောက်ကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို အပိုင်းနှစ်ပိုင်းခွဲ၍ကျင်းပရာ သုတေသနစာတမ်း စုစုပေါင်း ၁၀ စောင်ကို ဖတ်ကြားတင်သွင်းခဲ့ကြသည်။ ပထမပိုင်းတွင် စာတမ်းဖတ်ပွဲ သဘာပတိများအဖြစ် ဆေးတက္ကသိုလ်(၁) ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာ မေပြုံးကျော်၊ ဆေးတက္ကသိုလ်(၂) ပါမောက္ခ/ ဌာနမှူး ပါမောက္ခဒေါက်တာမြတ်မွန်ခိုင်တို့က ဆောင်ရွက်ကြသည်။

**မေးမြန်းဆွေးနွေး**

ဒုတိယပိုင်းတွင် စာတမ်းဖတ်ပွဲသဘာပတိများအဖြစ် ဆေးတက္ကသိုလ်(၁) ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာနွယ်မာထွန်း၊ ဆေးတက္ကသိုလ်(၂) ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာခင်မေသင်းတို့က ဆောင်ရွက်ကြပြီး စာတမ်းဖတ်ပွဲများသို့ ဘာသာရပ်ဆိုင်ရာပညာရှင်များ၊ သုတေသီများ တက်ရောက်ကြပြီး တက်ရောက်လာသူများက စာတမ်းရှင်များအား မေးမြန်းဆွေးနွေးအကြံပြုကြသည်။

ညီလာခံကို ဖေဖော်ဝါရီ ၂၄ ရက်အထိ ငါးရက်တာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာစစ်ဆေးခြင်းနှင့် ပြန်လည် ထူထောင်ရေးဆိုင်ရာ ECI ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးမှု အခြေအနေ တိုင်းတာစစ်ဆေးခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ (Early Childhood Intervention – ECI) ညှိနှိုင်းအစည်းအဝေးနှင့် ECI ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အခန်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ECI စီမံချက်အလိုက် တိုင်းဒေသကြီး/ ပြည်နယ်များမှ အရာထမ်းများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ (၂၀၁၄)ပါ မဟာဗျူဟာ(၃)အရ ဆောင်ရွက်ခဲ့သည့် ရှေးဦးအရွယ် ကလေးသူငယ် ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာစစ်ဆေးခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ECI ရှေ့ပြေးစီမံချက် နယ်မြေ(၄)ခုတွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ လုပ်ငန်းစဉ်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးရန်ဖြစ်ကြောင်း၊ ECI ဆိုင်ရာ အသိပညာပေးခြင်းများကို ၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ပင်မအထောက်အကူပြုဗဟိုဌာနနှင့် ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်အတွင်း နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ECI ဆိုင်ရာမိဘအသိပညာပေးသင်တန်းများကို Online သင်တန်းနှင့် In– person သင်တန်းတို့ ဖွင့်လှစ်နိုင်ခဲ့သည့်အပြင် နေပြည်တော်ကောင်စီ ပုဗ္ဗသီရိမြို့နယ် သဇင်လှကျေးရွာနှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပဒံရပ်ကွက်တို့တွင် အသက်ခြောက်လမှ ငါးနှစ်အရွယ် ကလေး ၂၆၆ ဦးတို့ကို ဖွံ့ဖြိုးမှုတိုင်းတာစစ်ဆေးနိုင်ခဲ့ပြီး လက်ရှိအချိန်အထိ ECI ဆန်းစစ်ပြီးသော ကလေးဦးရေမှာ ၇၇၀၂ ဦးအထိ ရှိပါကြောင်း။

ECI လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မိမိတို့တတ်နိုင်သမျှ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများကို ဝိုင်းဝန်းစဉ်းစားအကြံပြုပြီး ရှေ့လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရန်နှင့် ECI သင်တန်းများရရှိခဲ့ပြီး နည်းပြအဖြစ်ဆောင်ရွက်နိုင်ခြေရှိသူများဖြင့် နောင်လာမည့် ECCD သင်တန်းများတွင် ဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များအပေါ် ပြန်လည်သုံးသပ်ပြီး သင်ခန်းစာများရေးဆွဲခြင်း၊ ToT သင်တန်းများပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပြီး မိမိတို့ မူလတန်းကြိုကျောင်းများ၊ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများ၊ မိခင်ဝိုင်းများနှင့် ပရဟိတဂေဟာများတွင် အသိပညာပေးခြင်းနှင့် ECI ဆန်းစစ်ခြင်းတို့ကို စီမံချက်ရေးဆွဲ၍ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယနေ့ညှိနှိုင်းဆွေးနွေးပွဲနှင့် သင်တန်းတို့မှာ ဘာသာရပ်များ စနစ်တကျရေးဆွဲပြီး ရှေ့လုပ်ငန်းစဉ်များကို ရလဒ်ကောင်းများ ရရှိအောင် အတတ်နိုင်ဆုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရှေးဦးအရွယ် ကလေးသူငယ် ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာစစ်ဆေးခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ(ECI) လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်းတို့ကို ဖေဖော်ဝါရီ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နေပြည်တော်ကောင်စီ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များမှ ဘာသာရပ်ဆိုင်ရာ ဝန်ထမ်း ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံဘောလုံးပြိုင်ပွဲ အားကစားနည်းအလိုက်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

၂၀၂၂–၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း ရုံများ၌ ဆက်လက် ယှဉ်ပြိုင်ကြသည်။



### ကြည့်ရှုအားပေး

ယနေ့နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်တို့သည် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများနှင့်အတူ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ပြုလုပ်သည့် ပြေးခုန်ပစ် အားကစားပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။

ပြေးခုန်ပစ် အားကစားပြိုင်ပွဲတွင် အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား အလျားခုန်ပြိုင်ပွဲ၊ အမျိုးသမီး အလျားခုန်ပြိုင်ပွဲ၊ အမျိုးသားလှံတံပစ်ပြိုင်ပွဲနှင့် အမျိုးသမီးလှံတံပစ်ပြိုင်ပွဲများကို ကျင်းပရာ အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် မောင်လင်းခိုင်(ရန်ကင်း–EDC)က ပထမ၊ စောဘစိန် (ဘားအံ–EDC)က ဒုတိယ၊ မောင်အာကာလွင် (ထားဝယ်–EDC)က တတိယ ရရှိကြပြီး အမျိုးသမီးမီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် မမိုးဝသနထက် (ရန်ကင်း– EDC) က ပထမ၊ မတိုးတိုးဝေ(မကွေး–EDC)က ဒုတိယ၊ မအေးမြတ်သန္တာဖြိုး(ဘိုကလေး–EDC)က တတိယ ရရှိကြသည်။

အမျိုးသား အလျားခုန်ပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင် (ပခုက္ကူ–EDC)က ပထမ၊ မောင်ရဲထက်အောင်(မြောင်းမြ–EDC)က ဒုတိယ၊ မောင်ထွန်းနိုင်ဖုန်းမို (ရန်ကင်း–EDC)က တတိယ ရရှိကြပြီး အမျိုးသမီးအလျားခုန်ပြိုင်ပွဲတွင် မဖူးငုံ (ထားဝယ်–EDC)က ပထမ၊ မသရဖီကျော်(မန္တလေး–EDC)က ဒုတိယ၊ မဇင်ဇင်နိုင် (မုံရွာ–EDC)က တတိယ ရရှိကြသည်။

အမျိုးသား လှံတံပစ်ပြိုင်ပွဲတွင် မောင်စိုးမိုးအောင် (သဃ်န်းကျွန်း–EDC)က ပထမ၊ မောင်ဝင်းဇော် (ဟားခါး–EDC)က ဒုတိယ၊ မောင်ကျော်စွာဦး(ဘားအံ–EDC)က တတိယရရှိကြပြီး အမျိုးသမီး လှံတံပစ်ပြိုင်ပွဲတွင် မသန်းသန်းဌေး (မုံရွာ–EDC) က ပထမ၊ မဇင်မြတ်မြတ်နိုး (မော်လမြိုင်–EDC)က ဒုတိယ၊ မိအေးမြတ်မွန်(ဘားအံ–EDC)က တတိယ ရရှိကြသည်။

ပြိုင်ပွဲများအပြီးတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ဆရာအတတ်ပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးဖြူဇင်တို့က ဆုရရှိသည့် အားကစားမောင်မယ်များကို ဆုများချီးမြှင့်ပေးအပ်သည်။

### ဘော်လီဘောဗိုလ်လု

ယင်းနောက် ဒုတိယဝန်ကြီးများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံတွင် ကျင်းပသည့် အမျိုးသမီး ဘော်လီဘောဗိုလ်လုပွဲနှင့် အမျိုးသား ဘော်လီဘောဗိုလ်လုပွဲ ပွဲစဉ်များကို ကြည့်ရှုအားပေးသည်။

အဆိုပါအမျိုးသမီးဘော်လီဘောဗိုလ်လုပွဲစဉ်တွင် လားရှိုးပညာရေးဒီဂရီကောလိပ် အသင်းက တောင်ကြီးပညာရေး ဒီဂရီကောလိပ်အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲကာ ပထမဆုရရှိပြီး အမျိုးသားဘော်လီဘောဗိုလ်လုပွဲစဉ်တွင် တောင်ကြီးပညာရေးဒီဂရီကောလိပ်က မိတ္ထီလာပညာရေးဒီဂရီကောလိပ်အသင်းကို သုံးပွဲ တစ်ပွဲဖြင့် အနိုင်ရဗိုလ်စွဲ၍ ပထမဆုရရှိသည်။ ပြိုင်ပွဲအပြီးတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်တို့ကဆုရရှိကြသည့် အသင်းများကိုဆုများ ချီးမြှင့်ပေးအပ်သည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ကျင်းပပြီး တောင်ကြီးဇုန်အသင်းနှင့် မန္တလေးဇုန်အသင်းတို့ယှဉ်ပြိုင်ကစားကြရာ တောင်ကြီးဇုန်ဘောလုံးအသင်းက မန္တလေးဇုန်ဘောလုံးအသင်းကို ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ညနေပိုင်းတွင် မကွေးဇုန်ဘောလုံးအသင်းနှင့် မော်လမြိုင်ဇုန်ဘောလုံးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှင့်တစ်ဖက် အနိုင်ဂိုးသွင်းနိုင်ခြင်းမရှိဘဲ သရေပွဲဖြစ်သွားသည်။

ဖေဖော်ဝါရီ ၂၃ ရက်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲမှအုပ်စုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သဲကုန်းမြို့နယ် မင်းပုန်းကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**သဲကုန်း ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် မင်းပုန်းကျေးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် အိမ်အရောက်ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့် ဝန်ထမ်းများက မင်းပုန်းကျေးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ အိမ်အရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများနှင့် ရေမီတာတပ်ဆင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရေပေးရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံ၍ ရေဖိုးရေခကောက်ခံခြင်းဆိုင်ရာကိစ္စရပ်များ၊ ပြင်ဆင်ထိန်းသိမ်းခြင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

မင်းပုန်းကျေးရွာတွင် ဆိုလာရေတင်စနစ်ဖြင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် အိမ်အရောက် ရေပိုက်လိုင်း ပေ ၇၄၀၀ သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၉ ဒသမ ၈၉၈ သန်းဖြင့် ငွေသွန်းသျှံကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၂ ခုနှစ် ဇွန်လတတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သုတ**

# မိုက်ခရိုပလတ်စတစ်ညစ်ညမ်းမှုနှင့် ကျွန်ုပ်တို့ပတ်ဝန်းကျင်

ဇင်လတ် (ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)

**ယနေ့ကမ္ဘာတွင် နည်းပညာမြင့်မားလာမှု၊ လူနေမှုအဆင့်အတန်းနှင့် နေထိုင်မှုပုံစံများ တိုးတက်ပြောင်းလဲလာမှုနှင့်အတူ ပလတ်စတစ်သည် လူသားတို့၏ နေ့စဉ်ဘဝတွင် မရှိမဖြစ် အခြေခံလိုအပ်သော အစိတ်အပိုင်းတစ်ခုဖြစ်လာပြီး ပလတ်စတစ်ထုတ်ကုန်များကို ပိုမိုထုတ်လုပ်သုံးစွဲလာကြသည့်အတွက် ပလတ်စတစ်ညစ်ညမ်းမှုသည် အရေးတကြီးဖြေရှင်းဆောင်ရွက်ရမည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခု ဖြစ်လာပါသည်။**

### မိုက်ခရိုပလတ်စတစ်

မိုက်ခရိုပလတ်စတစ်ဆိုသည်မှာ ပလတ်စတစ်ပစ္စည်းတစ်ခု ပြိုကွဲသွားပြီးနောက် ဖြစ်ပေါ်လာသည့် ပလတ်စတစ်အမှုန်အမွှားအပိုင်းအစများဖြစ်သည်။ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ နေ့စဉ်အသုံးပြုနေသော ပလတ်စတစ်ပစ္စည်းများသည် လူတို့၏လုပ်ဆောင်ချက်ကြောင့်ဖြစ်စေ၊ စက်မှုလုပ်ငန်းများကြောင့်ဖြစ်စေ၊ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ချက်များကြောင့်ဖြစ်စေ၊ ပတ်ဝန်းကျင်ဆိုင်ရာအခြေအနေတစ်ခုခုကြောင့်ဖြစ်စေ၊ ခရမ်းလွန်ရောင်ခြည်ထိတွေ့မှု (UV mechanism) ကြောင့်ဖြစ်စေ သေးငယ်သော မိုက်ခရိုပလတ်စတစ် (Microplastics) အစိတ်အပိုင်းများအဖြစ် ပြိုကွဲပြောင်းလဲသွားနိုင်သည်။

### ပတ်ဝန်းကျင်သို့ မိုက်ခရိုပလတ်စတစ်များ ရောက်ရှိလာရန် တွန်းအားပေးသည့်အခြေအနေများ

မိုက်ခရိုပလတ်စတစ်များသည် ဇီဝဓာတုဆိုင်ရာအခြေအနေများ၊ ရုပ်ပိုင်းဆိုင်ရာ တွန်းအားပေးမှုအခြေအနေများ၊ ပတ်ဝန်းကျင်နှင့် လူတို့၏ လုပ်ဆောင်ချက်များ၊ ရာသီဥတုဆိုင်ရာအခြေအနေများ၊ လေတိုက်ခတ်မှုအခြေအနေများ၊ ရေတိုက်စားစီးဆင်းမှုအခြေအနေများ စသည်ဖြင့် အခြေအနေအကြောင်းအမျိုးမျိုးဖြင့် ပတ်ဝန်းကျင်သို့ ရောက်ရှိလာနိုင်သည်။ လက်ရှိအချိန်တွင် မိုက်ခရိုပလတ်စတစ်များကို ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ မြေထု၊



မိုက်ခရိုစကုတ်ဖြင့်ကြည့်ရှုရာတွင် တွေ့ရှိရသော မိုက်ခရိုပလတ်စတစ်အပိုင်းအစများ

ရေထု၊ လေထုနေရာအနှံ့အပြားတွင် တွေ့ရှိနေရပြီ ဖြစ်သည်။

### မိုက်ခရိုပလတ်စတစ်များကို ဆန်းစစ်ခြင်း

မိုက်ခရိုပလတ်စတစ်များကို ဆန်းစစ်ရာတွင် အခြေခံအားဖြင့် ရုပ်ပိုင်းဆိုင်ရာနှင့် ဓာတုပစ္စည်းပါဝင်မှုအပေါ် အခြေခံပြီး ခွဲခြားဆန်းစစ်နိုင်သည်။ ရုပ်ပိုင်းဆိုင်ရာအနေဖြင့် အရွယ်အစား၊ ပုံသဏ္ဌာန်၊ အရောင်အသွေး စသည့်အချက်များအပေါ် အခြေခံပြီး ခွဲခြားနိုင်သည်။ မိုက်ခရိုပလတ်စတစ်ကို အရွယ်အစားအားဖြင့် တစ်မိုက်ခရိုမီတာ (ပျမ်းမျှအားဖြင့် လူ့ဆံပင်၏ အဆ ၇၀ ပုံ ၁ ပုံ) မှ ငါးမီလီမီတာအတွင်း သတ်မှတ်ပြီး ပုံသဏ္ဌာန်နှင့် အရောင်အသွေးအနေဖြင့် ထွက်ရှိရာ အရင်းအမြစ်အပေါ်မူတည်၍ အမျိုးမျိုးရှိနိုင်သည်။ ထို့ပြင် မိုက်ခရိုပလတ်စတစ်တွင် ပါဝင်သော ဓာတုပစ္စည်းပါဝင်မှုအပေါ် အခြေခံ၍ ပိုလီမာအမျိုးအစားနှင့် မိုက်ခရိုပလတ်စတစ် အမျိုးအစားကို ခွဲခြားနိုင်ပြီး ထွက်ရှိရာအရင်းအမြစ်ကို ခန့်မှန်းသုံးသပ်နိုင်သည်။



Microbeads


Pellets


Fibers

မူလမိုက်ခရိုပလတ်စတစ်အမျိုးအစားများ(Source– Google)

### မူလမိုက်ခရိုပလတ်စတစ်နှင့် ဆင့်ပွားမိုက်ခရိုပလတ်စတစ်

မိုက်ခရိုပလတ်စတစ်ကို မူလမိုက်ခရိုပလတ်စတစ်နှင့် ဆင့်ပွားမိုက်ခရိုပလတ်စတစ်ဟူ၍ နှစ်မျိုး ခွဲခြားနိုင်သည်။ မူလမိုက်ခရိုပလတ်စတစ်များသည် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရည်ရွယ်ချက်ရှိရှိ ထုတ်လုပ်ထားသော မိုက်ခရိုပလတ်စတစ်အမျိုးအစားများဖြစ်၍ အခြေခံအားဖြင့် Microbeads, Pellets, Fibers စသည်ဖြင့် ထုတ်လုပ်ပြီး အလှကုန်ပစ္စည်းများ၊ သွားတိုက်ဆေး၊ မျက်နှာသစ်ဆပ်ပြာ စသည့်လူသုံးပစ္စည်းများ၊ သန့်ရှင်းရေးသုံးပစ္စည်းများ၊ စက်မှုလုပ်ငန်းသုံးပစ္စည်းများ၊ အဝတ်အထည်နှင့်ချည်ထည်လုပ်ငန်းများ ထုတ်လုပ်ရာတွင် အသုံးပြုသည်။

ဆင့်ပွားမိုက်ခရိုပလတ်စတစ်များသည် ပလတ်စတစ်ပစ္စည်းများ ပြိုကွဲသွားပြီးနောက် ဖြစ်ပေါ်လာသည့် ပလတ်စတစ်အမှုန်အမွှားအပိုင်းအစများ ဖြစ်ပြီး အခြေခံအားဖြင့် လူသုံးကုန်ပစ္စည်းများ၊ ရေဘူးများ၊ ပလတ်စတစ်အိတ်များ၊ ကားတာယာများ၊ ထိုင်ခုံကုရှင်များ၊ အဝတ်အထည်တွင် ပါဝင်သောပလတ်စတစ်များ ပြိုကွဲရာမှဖြစ်ပေါ်လာသော မိုက်ခရိုပလတ်စတစ်အမျိုးအစားများ ဖြစ်သည်။

### အခန်းတွင်းရှိ မိုက်ခရိုပလတ်စတစ်နှင့် ပြင်ပလေထုအတွင်းရှိ မိုက်ခရိုပလတ်စတစ်

လေထုအတွင်းရှိ မိုက်ခရိုပလတ်စတစ်များကို အခန်းတွင်းရှိ မိုက်ခရိုပလတ်စတစ်နှင့် ပြင်ပလေထုအတွင်းရှိ မိုက်ခရိုပလတ်စတစ်ဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ အခန်းတွင်းရှိ မိုက်ခရိုပလတ်စတစ်များသည် လူနေအိမ်များရှိ အသုံးအဆောင်ပစ္စည်းများ၊ ဖုန်မှုန့်အမှုန်အမွှားများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များ၊ ခန်းဆီးများနှင့် ကော်ဇောများ၊ အဝတ်လျှော်လုပ်ငန်းဆောင်ရွက်ချက်များ စသည်တို့မှ ထွက်ရှိနိုင်သကဲ့သို့ ပြင်ပလေထုမှလည်း ဝင်ရောက်လာနိုင်သည်။ ပြင်ပလေထုအတွင်းရှိ မိုက်ခရိုပလတ်စတစ်များသည် လဟာပြင် မီးရှို့ခြင်းများ၊ မော်တော်ကားတာယာ ပွတ်တိုက်မှုများ၊ ရေသန့်ဘူးများ၊ ပလတ်စတစ်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ရေဆိုးသန့်စင်မှုလုပ်ငန်းစဉ်များ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများနှင့် အမှိုက်စုပုံစွန့်ပစ်သည့်လုပ်ငန်းများမှ ထွက်ရှိနိုင်သည်။

> **လက်ရှိကာလတွင် မိုက်ခရိုပလတ်စတစ်များသည် ရေထု၊ မြေထု၊ လေထုနှင့် သက်ရှိများ၏အစိတ်အပိုင်းများတွင် တွေ့ရှိနေရပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာ ပြဿနာများ၊ ကျန်းမာရေးဆိုင်ရာပြဿနာများကို ဖြစ်ပေါ်စေလျက်ရှိသည်။ မိုက်ခရိုပလတ်စတစ်ညစ်ညမ်းမှု၏အရင်းအမြစ်သည် လူတို့ဖန်တီးအသုံးပြုနေသည့် ပလတ်စတစ်ပစ္စည်းများ ပြိုကွဲပျက်စီးရာမှ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး အလွန်သေးငယ်သည့်အလျောက် ပတ်ဝန်းကျင်သို့ မိုက်ခရိုပလတ်စတစ်များရောက်ရှိလာပါက ဖယ်ရှားရှင်းလင်းရန် မလွယ်ကူသည့်အတွက် မိုက်ခရိုပလတ်စတစ်ထွက်ရှိသည့် မူလအရင်းအမြစ်ဖြစ်ရာ ပလတ်စတစ်ထုတ်လုပ်၊ သုံးစွဲ၊ စွန့်ပစ်မှုများနှင့်ပတ်သက်၍ စနစ်တကျထိန်းချုပ်ရန် လိုအပ်**

### မိုက်ခရိုပလတ်စတစ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ

မိုက်ခရိုပလတ်စတစ်များသည် အလွန်သေးငယ်သည့်အတွက် ရှူရှိုက်မိခြင်း၊ အသက်ရှူခြင်း၊ ခန္ဓာကိုယ်နှင့်ထိတွေ့မိခြင်း၊ မိုက်ခရိုပလတ်စတစ် ပါဝင်သော အစားအစာများစားသုံးမိခြင်း စသည်အားဖြင့် သက်ရှိများ၏ ခန္ဓာကိုယ်အတွင်းသို့ ရောက်ရှိစေနိုင်ပြီး ကျန်းမာရေးဆိုင်ရာပြဿနာများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများ၊ အာရုံကြောရောဂါဆိုင်ရာ ပြဿနာများ၊ မျိုးပွားမှုဆိုင်ရာ ပြဿနာများ၊ မြေထု၊ ရေထု၊ လေထုညစ်ညမ်းမှုဆိုင်ရာပြဿနာများ၊ အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာပြဿနာများ၊ ရေနေသတ္တဝါများနှင့် ဂေဟစနစ်အပေါ် ထိခိုက်မှုများ အပါအဝင် အစာကွင်းဆက်များမှတစ်ဆင့် လူသားတို့၏ ကျန်းမာရေးကိုထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

### မိုက်ခရိုပလတ်စတစ်ညစ်ညမ်းမှုနှင့်ပတ်သက်၍ ထိုင်းနိုင်ငံ AITတွင် လေ့လာတွေ့ရှိချက်

မိုက်ခရိုပလတ်စတစ်ညစ်ညမ်းမှုနှင့် ပတ်သက်၍ ထိုင်းနိုင်ငံရှိ Asian Institute of Technology (AIT) တွင် ပတ်ဝန်းကျင်ဆိုင်ရာ မဟာအင်ဂျင်နီယာဘွဲ့ယူ စာတမ်းဖြစ်သော Wet and Dry Deposition of Microplastics in Thailand, **စာမျက်နှာ ၁၁ သို့** ✳


ရေဘူး


ပလတ်စတစ်အိတ်


ငါးဖမ်းပိုက်

ဆင့်ပွားမိုက်ခရိုပလတ်စတစ်ဖြစ်ပေါ်လာနိုင်သည့်ပစ္စည်းများ (Source– Google)



## မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများ လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ဧည့်ခန်းမ၌ပြုလုပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်နှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ အလှူရှင် စိန်လုံ(မ်) တောင်တန်းကျောက်မျက်ရတနာလီမိတက် မိသားစုဝင်များဖြစ်သည့် ဦးရန်ချင်းစိန်၊ ဦးသိန်းအောင်၊ ဒေါ်ဖူးဟွမ်၊ ဦးလန်ပြင်းဆိုက်နှင့် ဒေါ်သန်းသန်းဆွေတို့က ကျောက်စာရုံစေတီသုံးဆူအတွက် အလှူငွေကျပ် ၈၃၇ သိန်းနှင့် ပိဋကတ်(၃)ပုံ ကျမ်းစာအုပ်သုံးအုပ်အတွက် အလှူငွေကျပ် သိန်း ၆၀ တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အသိပေးနှိုးဆော်ချက်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာ တည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

ထိုကဲ့သို့ တည်ဆောက်ပူဇော်လျက်ရှိရာတွင် ကျောက်စာရုံစေတီလှူဒါန်းနိုင်သည့်အရေအတွက် အဆူ ၇၂၀ တွင် စေတနာရှင် အလှူရှင်များက ၇၁၇ ဆူအား လှူဒါန်းပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ **လှူဒါန်းရန်ကျန်ရှိနေသည့် ကျောက်စာရုံ စေတီ သုံးဆူအား စေတီ တစ်ဆူလျှင် ငွေကျပ် ၂၇၉ သိန်းနှုန်းဖြင့် လှူဒါန်းပူဇော်နိုင်ရေး** ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ဖုန်း-၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅ နှင့် ဒေါ်အေးအေးကြည် ဖုန်း-၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။ **သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

## အရည်အချင်းပြည့်ဝသော သိပ္ပံနှင့်နည်းပညာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဖေဖော်ဝါရီ ၁၉ ရက်က မိတ္ထီလာမြို့ရှိ ကွန်ပျူတာတက္ကသိုလ်နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူလူထုဗဟိုပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ပံ့ပိုးပေးနိုင်ရန်အတွက် မဟာဗျူဟာစီမံကိန်းအတိုင်း အရည်အချင်းပြည့်ဝသော သိပ္ပံနှင့်နည်းပညာ လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်သွားရန်၊ ကျောင်းသားများ ပညာသင်ကြားရာတွင် အဆင်ပြေချောမွေ့စေရေး အလေးပေးဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)တွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာလှိုင်ဖြူဖြူမွန်က တက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ကွန်ပျူတာနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ IT သုတေသနများဖြင့် လှုပ်ရှားသက်ဝင်နေသော တက္ကသိုလ်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ အရည်အချင်းရှိသော ကျောင်းသားများအား ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်စေပြီး မြေတောင်မြှောက်ပေးရန်၊ ကျောင်းသားနှင့်ဆရာများပါဝင်သော သုတေသနအဖွဲ့များဖွဲ့စည်း၍ အခြားပြည်တွင်း၊ ပြည်ပ တက္ကသိုလ်များနှင့် သုတေသနများအား ပူးပေါင်းဆောင်ရွက်ရန်၊ University– Industry Collaboration ကို မြှင့်တင်ဆောင်ရွက်ရန်၊ အထက်/ အောက် မိသားစုသဖွယ် ရင်းနှီးစည်းလုံးစွာ တက္ကသိုလ်ရှိလုပ်ငန်းများ အောင်မြင်ရေး ပူးပေါင်းဆောင်ရွက်ရန်၊ နိုင်ငံ့အကျိုးပြု အရည်အသွေးမြင့် သုတေသနစာတမ်းများရရှိရေး ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားပြီး ဆရာများ၊ ကျောင်းသားများ၏ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးကာ စာကြည့်တိုက်၊ Language Lab၊ ကွန်ပျူတာခန်းများ၊ သင်ကြားသင်ယူမှု အထောက်အကူပြုစနစ်၊ ကျောင်းသူ အိပ်ဆောင်တည်ဆောက်ရေးလုပ်ငန်းကို စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အစိုးရနည်းပညာအထက်တန်းကျောင်း (မိတ္ထီလာ) သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ကျောင်းဆိုင်ရာ အချက်အလက်များအား ကျောင်းအုပ်ကြီး ဒေါက်တာကျော့ကျော့ရီက ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူး ဦးအောင်ဇော်ဦးက ဖြည့်စွက်တင်ပြရာ ဒုတိယဝန်ကြီးက သတ်မှတ်အရည်အသွေး စံနှုန်းများနှင့်အညီ သင်ကြားနိုင်ရေး အလေးထားဆောင်ရွက်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် သက်မွေးပညာ၊ နည်းပညာရပ်များဖြစ်၍ လက်တွေ့ကျွမ်းကျင်မှုရှိစေရန်နှင့် တတ်မြောက်မှု စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊ သင်တန်းဆင်းများ၏ အလုပ်အကိုင်ရရှိမှုနှင့် လူမှုဘဝအဆင့်အတန်း မြင့်မားလာမှုများကို စစ်တမ်းများနှင့် သုတေသနများ ဆောင်ရွက်၍ မှတ်တမ်းတင်ရန် ပြောကြားပြီး စာကြည့်တိုက်၊ ကျောင်းသားများ လက်တွေ့လုပ်ဆောင်နေမှုများ၊ စာသင်ခန်းများ၊ အားကစားလှုပ်ရှားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

✳ **စာမျက်နှာ ၁၀ မှ**

Asian Institute of Technology Campus အတွက် ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း လေ့လာတွေ့ရှိချက်အရ မိုးရေအတွင်း တစ်စတုရန်းမီတာ ပတ်လည်ဧရိယာတွင် တစ်ပတ်လျှင်ပျမ်းမျှ ၁၉၉၄ ခု၊ ပြင်ပလေထုအတွင်း တစ်စတုရန်းမီတာပတ်လည်ဧရိယာတွင် တစ်ပတ်လျှင် ပျမ်းမျှ ၁၃၉၂ ခု၊ အခန်းတွင်းလေထုအတွင်း တစ်စတုရန်းမီတာပတ်လည်ဧရိယာတွင် တစ်ပတ်လျှင် ပျမ်းမျှ ၂၆၁၉ ခု တွေ့ရှိခဲ့ရပါသည်။

**မိုက်ခရိုပလတ်စတစ်ထွက်ရှိရာ အရင်းအမြစ်များကို သုံးသပ်ခြင်း**

လေ့လာဆန်းစစ်ချက်တွင် ရုပ်ပိုင်းဆိုင်ရာတွေ့ရှိချက်အရ ဖိုက်ဘာပုံသဏ္ဌာန်နှင့် အဖြူရောင်ရှိသော မိုက်ခရိုပလတ်စတစ်များကို ရာခိုင်နှုန်းအများဆုံး တွေ့ရှိရပြီး ပိုလီမာအမျိုးအစားအနေဖြင့် ပိုလီပရိုပိုင်လင်းကို အများဆုံး တွေ့ရှိရသည်။ မိုက်ခရိုပလတ်စတစ်ထွက်ရှိရာ အရင်းအမြစ်ကို ခန့်မှန်းသုံးသပ်ရာတွင် ဖိုက်ဘာပုံသဏ္ဌာန်ရှိသော မိုက်ခရိုပလတ်စတစ်များမှာ ယေဘုယျအားဖြင့် အဝတ်အထည်နှင့်ချည်ထည်များ၊ အဝတ်လျှော်လုပ်ငန်းစဉ်များမှ အများဆုံးထွက်ရှိနိုင်ကြောင်း ခန့်မှန်းသုံးသပ်နိုင်ပါသည်။

အဖြူရောင်ရှိသော မိုက်ခရိုပလတ်စတစ်များမှာ ယေဘုယျအားဖြင့် ပိုလီအီသိုင်လင်းဟု ခန့်မှန်းသတ်မှတ်နိုင်ပြီး ပလတ်စတစ်အိတ်များ၊ ပလတ်စတစ်ဖလင်ပြားများ၊ ပလတ်စတစ်ဘူးများ ပြိုကွဲပျက်စီးရာမှ ဖြစ်ပေါ်လာကြောင်း ခန့်မှန်းသုံးသပ်နိုင်သည်။ ပိုလီပရိုပိုင်လင်းအနေဖြင့် လူသုံးပစ္စည်းများ၊ အစားအသောက်ထည့်သည့် ဘူးခွံများ၊ ပလတ်စတစ်ဖလင်ပြားများ၊ ပလတ်စတစ်ဘူးများ ပြိုကွဲပျက်စီးရာမှ ဖြစ်ပေါ်လာကြောင်း ခန့်မှန်းသုံးသပ်နိုင်သည်။

**မိုက်ခရိုပလတ်စတစ်ညစ်ညမ်းမှုကို ဘယ်လိုထိန်းချုပ်ကြမလဲ**

လက်ရှိကာလတွင် မိုက်ခရိုပလတ်စတစ်များသည် ရေထု၊ မြေထု၊ လေထုနှင့် သက်ရှိများ၏အစိတ်အပိုင်းများတွင် တွေ့ရှိနေရပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာပြဿနာများ၊ ကျန်းမာရေးဆိုင်ရာပြဿနာများကို ဖြစ်ပေါ်စေလျက်ရှိသည်။ မိုက်ခရိုပလတ်စတစ်ညစ်ညမ်းမှု၏ အရင်းအမြစ်သည် လူတို့ဖန်တီးအသုံးပြုနေသည့် ပလတ်စတစ်ပစ္စည်းများ ပြိုကွဲပျက်စီးရာမှ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး အလွန်သေးငယ်သည့်အလျောက် ပတ်ဝန်းကျင်သို့ မိုက်ခရိုပလတ်စတစ်များ ရောက်ရှိလာပါက ဖယ်ရှားရှင်းလင်းရန်မလွယ်ကူသည့်အတွက် မိုက်ခရိုပလတ်စတစ်ထွက်ရှိသည့် မူလအရင်းအမြစ်ဖြစ်ရာ ပလတ်စတစ်ထုတ်လုပ်၊ သုံးစွဲ၊ စွန့်ပစ်မှုများနှင့်ပတ်သက်၍ စနစ်တကျထိန်းချုပ်ရန် လိုအပ်လျက်ရှိသည်။

ပြည်သူလူထုနှင့် ပုဂ္ဂလိကကဏ္ဍသည် အဓိကကျသော အခန်းကဏ္ဍမှပါဝင်သဖြင့် ပလတ်စတစ်ထုတ်လုပ်သူများအနေဖြင့် ထုတ်လုပ်သည့်အချိန်မှ စွန့်ပစ်သည့်အချိန်အထိ ပတ်ဝန်းကျင်ကို ထိခိုက်မှုရှိစေသောနည်းလမ်းများဖြင့် စီမံဆောင်ရွက်ခြင်း၊ ပြည်သူလူထုအနေဖြင့်လည်း ပလတ်စတစ်ထုတ်ကုန်များကို အသုံးပြုရန်ငြင်းဆန်ခြင်း၊ လျှော့သုံးခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသည့်နေရာတွင် စနစ်တကျစွန့်ပစ်ခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်အသုံးပြုမည့်နေရာများသို့ ပြန်လည်ပို့ဆောင်ခြင်းတို့ကို အလေးထားဆောင်ရွက်ခြင်းဖြင့် မိုက်ခရိုပလတ်စတစ်ထွက်ရှိမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး ကျွန်ုပ်တို့နေထိုင်ရာပတ်ဝန်းကျင်ကို သာယာလှပစေရေးနှင့် ရေရှည်တည်တံ့စေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်သည်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၃၈၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၂-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၃၈၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂)ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၂၇,၅၁၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၀၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၇၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၁-၂-၂၀၂၃) ရက်နေ့အထိ အသက် (၁၈)နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၃၉,၃၃၈) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၂၃,၇၁၁) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၂၁-၂-၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၃၉,၃၃၈ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၂၃,၇၁၁ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**





ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ကျောက်တံခါးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ အများပြည်သူများ သက်သာသောဈေးနှုန်းဖြင့် စားသုံးနိုင်ရန် ထမင်းနှင့် ဟင်းလျာများကို ဖေဖော်ဝါရီ ၂၂ ရက်က မြို့အတွင်းလှည့်လည်ရောင်းချပေးစဉ်။

မြို့နယ်(ပြန်/ဆက်)

## လူမှုဖူလုံရေးစီမံကိန်းမှ ရွေ့လျားဆေးကုသယာဉ်ဖြင့် နေပြည်တော်(တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သက်ဆိုင်ရာဌာနများသို့ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ဆေးကုသပေးခြင်းများ စီစဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် လူမှုဖူလုံရေးရုံးခွဲမှ ရွေ့လျားဆေးကုသယာဉ်ဖြင့် နေပြည်တော်(တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်၍လူမှုဖူလုံရေးအသင်းဝင်ရောက်ထားသည့် ဝန်ထမ်းများ (အာမခံအလုပ်သမားများ)ကို ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဆရာဝန်၊ သူနာပြုအပါအဝင် ကျန်းမာရေးဝန်ထမ်း ၂၀ က နေပြည်တော်(တပ်ကုန်း)ရှိ မြန်မာအသံနှင့် ရုပ်မြင်သံကြားမှ လူမှုဖူလုံရေးအသင်းဝင်ရောက်ထားသည့် ဝန်ထမ်းများ (အာမခံအလုပ်သမား) ၁၀၀ ကျော်ကို ရောဂါများစစ်ဆေးနိုင်ရန် သွေးဖောက်စစ်ဆေးခြင်း၊ နှလုံးခုန်နှုန်းတိုင်းတာစစ်ဆေးခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးခြင်း၊ ဆီးစစ်ဆေးခြင်းများနှင့် လိုအပ်သည့် ဆေးဝါးများပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးစီမံကိန်းကို မြို့နယ်ပေါင်း ၁၁၉ မြို့နယ်ရှိ အကျုံးဝင်အာမခံအလုပ်သမားပေါင်း ၁ ဒသမ ၂၃ သန်းခန့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အကျိုးခံစားခွင့်များကို အလုပ်သမားဆေးရုံကြီးသုံးရုံ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးခွဲပေါင်း ၉၉ ရုံ၊ မြို့နယ်ဆေးခန်းပေါင်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၇ ခန်း၊ PPS စနစ်ဖြင့် Fee for Services Payment ဆေးခန်း ၁၂ ခန်း၊ Capitation Payment ဆေးခန်း ၂၅ ခန်း၊ သားဖွားမီးယပ်ဝန်ဆောင်မှုဆေးခန်း ရှစ်ခန်းနှင့် တိုင်းရင်းဆေးကုခန်းတစ်ခန်းတို့အပြင် ရွေ့လျားဆေးကုသယာဉ်နှစ်စီးနှင့် ဆေးကုသမှုများကို အကောင်အထည်ဖော် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## လှည်းကူးမြို့နယ်၌ ကလေးငယ်များ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပ



**လှည်းကူး ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အနေဖြင့် ကလေးငယ်များ ပြည်သူ့စာကြည့်တိုက်နှင့် ကလေးစာဖတ်ခန်းအား အသုံးပြုတတ်စေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးမှုရရှိစေရန် စာပေလေ့လာ ဖတ်ရှုတတ်စေရန်နှင့် အသိပညာဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများအား လစဉ် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက် ၁၀ နာရီတွင် လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်၊ ကလေးစာဖတ်ခန်း၌ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ဖြစ်သည့် ဆေးရောင်ခြယ်၊ ကဗျာရွတ်ဆို၊ ခုံလု၊ ပူဖောင်းဖောက်ပြိုင်ပွဲများ ပြုလုပ်သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့က ပြိုင်ပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲများ ဆက်လက်ကျင်းပရာ ကလေးငယ်များက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြင့်ဦး**

## ကန်ကြီးထောင့်မြို့နယ်၌ အင်းချောင်းအတွင်း ငါးမျိုးများစိုက်ထည့်

**ကန်ကြီးထောင့် ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်ရှိ အင်းချောင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက ကန်ကြီးထောင့်မြို့နယ် သက်ရင်းအင်းတူးမြောင်းတွင် ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးမြသိန်း၊ ပုသိမ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ခရိုင်ငါးမျိုးစိုက်ကြီးကြပ်ကွပ်ကဲရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်၊ ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ ကန်ကြီးထောင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် ဝန်ထမ်းများ၊ အင်းသားကြီးများ စုပေါင်း၍ အင်းချောင်းအတွင်း နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၀၀၀၀ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■



# ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က ဂျပန်ပင်လယ်အတွင်း၌ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုပြုလုပ်



တိုကျို ဖေဖော်ဝါရီ ၂၂

ဂျပန်နိုင်ငံ၏ ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့နှင့် အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ရေတပ်များသည် ယနေ့တွင် ဂျပန်ပင်လယ်အတွင်း၌ ပူးတွဲရေတပ် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြကြောင်း ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်က ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံက ဖေဖော်ဝါရီ ၁၈ ရက်တွင် တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်တစ်စင်းနှင့် ဖေဖော်ဝါရီ ၂၀ ရက်တွင် တာတိုပစ်ပဲ့ထိန်းဒုံးကျည်နှစ်စင်းတို့ကို ပစ်လွှတ်ခဲ့ပြီးနောက် ဂျပန်နိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် Aegis ဒုံးကျည် ခြေရာခံစနစ်တပ်ဆင်ထားသော ဖျက်သင်္ဘောတစ်စင်းစီကိုလည်း အဆိုပါပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုပြုလုပ်ရာတွင် ပါဝင်စစ်ရေးလေ့ကျင့်ခဲ့ကြောင်း သိရသည်။

အဆိုပါနိုင်ငံသုံးနိုင်ငံတို့သည် အောက်တိုဘာလအတွင်းကလည်း ပူးတွဲဒုံးကျည်ထိန်းချုပ်ရေးဆိုင်ရာ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**



# ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်အတွင်း နိုင်ငံတကာခရီးသည်ဝင်ရောက်မှု သိသိသာသာမြင့်တက်

ဟန္နိုင်း ဖေဖော်ဝါရီ ၂၂

ဗီယက်နမ်နိုင်ငံသို့ ယခုနှစ်အတွင်း လေကြောင်းခရီးဖြင့် နိုင်ငံတကာခရီးသည် ဝင်ရောက်မှု သိသိသာသာမြင့်တက်လာကြောင်း ဗီယက်နမ်မြို့ပြလေကြောင်းအာဏာပိုင်ကို ကိုးကား၍ ဗီယက်နမ်သတင်းအေဂျင်စီက ယနေ့တွင်ပြောကြားသည်။

လက်ရှိအချိန်၌ ကမ္ဘာ့လေကြောင်းသွားလာရေးကဏ္ဍသည် ပုံမှန်အနေအထားသို့ ပြန်လည်ဦးတည်လျက်ရှိကြောင်း သိရသည်။ ယခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီကာလများအတွင်း ဗီယက်နမ်လေဆိပ်များသို့ နိုင်ငံတကာခရီးသည် ၄ ဒသမ ၇ သန်း ဝင်ရောက်ခဲ့ပြီး အဆိုပါပမာဏသည် ပြီးခဲ့သည့်နှစ်အလားတူကာလထက် အဆ ၂၀ ပိုမိုများပြားကြောင်း သိရသည်။ ကမ္ဘာပေါ်၌ ယခုနှစ်အတွင်း လေကြောင်းခရီးသွားလာ မှု ၈၀ ရာခိုင်နှုန်းအထိ ပြန်လည်မြင့်တက်လာကြောင်း အပြည်ပြည်ဆိုင်ရာလေကြောင်းပို့ဆောင်ရေးအဖွဲ့က ပြောကြားသည်။ ယခုနှစ်ကုန်ပိုင်း၌ ဗီယက်နမ်၏လေကြောင်းခရီးသွားကဏ္ဍ ပုံမှန်ပြန်လည် လည်ပတ်နိုင်တော့မည်ဖြစ်ကာ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုများတွင် ယမန်နှစ်ကထက် ၄၅ ဒသမ ၄ ရာခိုင်နှုန်း နှင့် ၁၅ ရာခိုင်နှုန်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ၎င်းအဖွဲ့က ဆိုသည်။ ဗီယက်နမ်နိုင်ငံ၌ ယမန်နှစ်အတွင်း နိုင်ငံတကာခရီးသည် ၁၂ သန်းနှင့် ပြည်တွင်းခရီးသည် ၈၇ သန်းရှိခဲ့ကြောင်း သိရသည်။ ၂၀၃၀ ပြည့်နှစ်အရောက်တွင် ခရီးသွားလုပ်ငန်းနှင့် လေကြောင်းခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် လေဆိပ်ပေါင်း ၃၀ အထိ တိုးမြှင့်သွားရန် ဗီယက်နမ် နိုင်ငံက ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# အမေရိကန်နိုင်ငံ၌ လွန်ခဲ့သည့်ရက်သတ္တလေးပတ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံစားရသည့်ကလေးငယ် ၁၃၀၀၀၀ ခန့် စစ်ဆေးတွေ့ရှိ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၂

အမေရိကန်နိုင်ငံ၌ လွန်ခဲ့သည့် ရက်သတ္တလေးပတ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံစားရသည့် ကလေးငယ် ၁၃၀၀၀၀ ခန့်ကို စစ်ဆေးတွေ့ရှိကြောင်း အမေရိကန်ကလေးငယ်ဆိုင်ရာ ဆေးပညာအကယ်ဒမီနှင့် ကလေးဆေးရုံအသင်းတို့၏ နောက်ဆုံးအစီရင်ခံစာအရ သိရသည်။

ဖေဖော်ဝါရီ ၁၆ ရက်အထိ ကလေး ၁၅ ဒသမ ၄ သန်းကျော်သည် ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှစ၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက် အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် ကလေးငယ် ၂၉၀၀၀ နီးပါး ရှိခဲ့ကြောင်း အစီရင်ခံစာအရ သိရသည်။

လွန်ခဲ့သည့် ငါးလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ကလေးငယ်အရေအတွက် သိသိသာသာတိုးမြင့်လာကြောင်း သိရသည်။ ပျမ်းမျှအားဖြင့် ရောဂါကူးစက်ခံရသူ ကလေးငယ်အရေအတွက် ၃၃၀၀၀ ခန့် အပတ်စဉ် မြင့်တက်လာခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

မျိုးကွဲအသစ်များနှင့် ဆက်စပ်သော ရောဂါခံစားရမှုနှင့် ရေရှည်အကျိုးသက်ရောက်မှုများကို အကဲဖြတ်ရန် အသက်အရွယ်အလိုက် အချက်အလက်များကို ပိုမိုစုဆောင်းရန် လိုအပ်သည်ဟု အစီရင်ခံစာတွင် ရေးသားထားသည်။

ကလေးငယ်များ၏ ကျန်းမာရေးအပေါ် ကပ်ရောဂါ၏ လတ်တလောသက်ရောက်မှုကို ဦးစားပေးဆောင်ရွက်ရမည့်အပြင် မျိုးဆက်သစ်ကလေးငယ်များနှင့် လူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုဘဝအပေါ် ရေရှည်အကျိုးသက်ရောက်မှုများကို ဖော်ထုတ်ဖြေရှင်းရန် လိုအပ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ ကိုဗစ်- ၁၉ ရောဂါကူးစက်မှုကြောင့် ၁၁၄ ဦး ထပ်မံသေဆုံး

တိုကျို ဖေဖော်ဝါရီ ၂၂

ဂျပန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၁၄ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၇၁၉၂၃ ဦးရှိကြောင်း သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၈၆၅၄ ဦး ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၃၃၁၃၆၀၁၆ ဦး ရှိကြောင်း သိရသည်။

ရောဂါထပ်မံကူးစက်ခံရသူများ အနက် ၁၁၉၅ ဦးသည် မြို့တော်တိုကျိုမှဖြစ်ကြောင်း သိရသည်။ အဆိုပါရောဂါ ကူးစက်ခံရသူဦးရေသည် လွန်ခဲ့သောရက်သတ္တပတ်က တွေ့ရှိခဲ့သည့်အရေအတွက်ထက် ၆၆၃ ဦး လျော့ကျသွားကြောင်း သိရသည်။

အလားတူ အဆိုပါရောဂါကြောင့် ထပ်မံသေဆုံးသူများ အနက် ၁၂ ဦးသည် မြို့တော်တိုကျိုမှ ဖြစ်သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# အီဂျစ်နိုင်ငံ၌ တရုတ်နိုင်ငံမှရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်မည်




ကိုင်ရို ဖေဖော်ဝါရီ ၂၂

တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ အီဂျစ်နိုင်ငံတွင် တိုးမြှင့်ရေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း အီဂျစ်တာဝန်ရှိသူများက ပြောကြားသည်။ အီဂျစ်နိုင်ငံမြို့တော် ကိုင်ရို၌ ကျင်းပသည့် ထိပ်သီးဆွေးနွေးပွဲတွင် တာဝန်ရှိသူများက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

၎င်းထိပ်သီး ဆွေးနွေးပွဲသို့ အီဂျစ်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Liao Liqiang အပါအဝင် တရုတ်နှင့် အီဂျစ်နိုင်ငံများမှ စီးပွားရေး လုပ်ငန်းဆိုင်ရာ ကိုယ်စားလှယ် ၁၃၀၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ တရုတ်နိုင်ငံက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးစင်္ကြံစီမံကိန်းအရ အီဂျစ်နိုင်ငံ၌ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ရန်နှင့် ယမန်နှစ်က ကျင်းပခဲ့သည့် တရုတ်-အာရပ် ထိပ်သီးဆွေးနွေးပွဲ၏ ရလဒ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ တရုတ်-အီဂျစ် ဆက်ဆံရေးခိုင်မာစေရေးအတွက် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများကို အီဂျစ်နိုင်ငံ၏ အဓိကစီမံကိန်းများ၌ တိုးမြှင့်သွားမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် အီဂျစ်နိုင်ငံသားများ၏ လူနေမှုဘဝမြင့်မားရေး၊ အလုပ်အကိုင်ရရှိရေး ကဏ္ဍများတွင် များစွာ ပြောင်းလဲတိုးတက်လာမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဇုန်များဆိုင်ရာ အာဏာပိုင်အဖွဲ့မှ အမှုဆောင်အရာရှိချုပ် ဟိုဆန်ဟီဗာက ပြောကြားသည်။ တရုတ်နိုင်ငံသည် စီးပွားရေးစင်္ကြံစီမံကိန်းတွင် ပါဝင်ဆောင်ရွက်သည့် နိုင်ငံများအား အကျိုးရှိစေမည့် သာတူညီမျှ ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးမည်ဖြစ်ကြောင်းနှင့် ပြီးခဲ့သည့်နှစ်များအတွင်းက နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရာ၌ အောင်မြင်မှုများ ရရှိခဲ့ကြောင်း တရုတ်သံအမတ်ကြီး Liao Liqiang က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# Bank Account အတွင်းမှ နည်းပညာပိုင်းဖြင့် ဆက်သွယ်ရေးကွန်ရက်အသုံးပြု၍ ငွေကြေးလိမ်လည်ခံရမှု မဖြစ်စေရေး ပြည်သူသို့ အသိပေးထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မသမာသူများသည် လူပုဂ္ဂိုလ်အချို့၏ Bank Account များအတွင်းမှ နည်းပညာပိုင်းဖြင့် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ငွေကြေးလိမ်လည်လွှဲပြောင်းထုတ်ယူမှုများ ကျူးလွန်လျက်ရှိသဖြင့် လူပုဂ္ဂိုလ်အချို့အနေဖြင့် ငွေကြေးဆုံးရှုံးနစ်နာမှုများ ဖြစ်ပွားလျက်ရှိသည်။ ထိုသို့ ငွေကြေးလိမ်လည်လွှဲပြောင်းထုတ်ယူသူ ဒုစရိုက်သမားများကို သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ် ဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားများနှင့် ပူးပေါင်းကျူးလွန်သူ မြန်မာနိုင်ငံသား တရားခံများအား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများ အနေဖြင့် နည်းပညာပိုင်းဖြင့် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ငွေကြေးလိမ်လည်လွှဲပြောင်းထုတ်ယူမှုများ ပြုလုပ်ရာတွင် ဇယား(၁)ပါ နည်းလမ်းများကို အသုံးပြု၍ လိမ်လည်ခံရမည့်သူကို ရှာဖွေပြီး လိမ်လည်ခံရမည့်သူနှင့် အဆက်အသွယ်ရရှိပါက ဇယား(၂)ပါ နည်းလမ်းများဖြင့် လိမ်လည်ခံရမည့်သူ၏ Bank Account နှင့် KBZ Pay Account တို့အတွင်းမှ ငွေများအား အဆင့်ဆင့်လွှဲပြောင်းထုတ်ယူကြခြင်းဖြစ်သည်။

ဇယားများပါ လိမ်လည်မှုကျူးလွန်ပုံနည်းစနစ်များအရ အချို့သော လူပုဂ္ဂိုလ်များအနေဖြင့် မိမိ၏ Email Account၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် လုပ်ငန်းလိပ်စာများကို ဆက်သွယ်မှု လွယ်ကူစေရန်အတွက် လူမှုကွန်ရက် Social Media များနှင့် Facebook တို့တွင် ဖော်ပြထားခြင်း၊ လိပ်စာကတ်များတွင် ဖော်ပြထားခြင်းတို့ကြောင့် ပြစ်မှုကျူးလွန်သူများအနေဖြင့် Email Account များကို စောင့်ကြည့်ရယူပြီး ငွေများလိမ်လည်လွှဲပြောင်းထုတ်ယူနိုင်သည့် အခွင့်အလမ်းများ ရရှိခြင်းဖြစ်ကြောင်းနှင့် လိမ်လည်မည့်သူများသည် KBZ Pay Account များအား မသိနားမလည်သူအချို့ထံမှ ငွေကြေးအနည်းငယ်အသုံးပြု၍ ဝယ်ယူကာ အဆိုပါ Account များဖြင့် ငွေများလွှဲပြောင်းထုတ်ယူရာတွင် ကြားခံအဖြစ် အသုံးပြုကြကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ အများပြည်သူများအနေဖြင့် မိမိတို့၏ Bank Account များအတွင်းမှ ငွေကြေးများအား မသမာသူဒုစရိုက်သမားများ၏ နည်းပညာပိုင်းဖြင့် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ လိမ်လည်လွှဲပြောင်းထုတ်ယူမှု မခံရစေရေး မိမိတို့၏ Email၊ ဖုန်းနံပါတ်နှင့် ကိုယ်ရေးအချက်အလက်များအား လုံခြုံမှုရှိစေရေး အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် မသမာသူများ၏ အသုံးချခံမဖြစ်စေရေး ကိုယ်ရေးကိုယ်တာ လိုအပ်ချက်မှတစ်ပါး Bank Account နှင့် KBZ Pay Account များ ဖွင့်လှစ်ရောင်းချခြင်း မပြုလုပ်ကြရန် အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

ဇယား(၁)




ဇယား(၂)



# ရေစကြိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ပခန်းငယ်)၌ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပခန်းငယ်ကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း(ပခန်းငယ်)၌ စာမေးပွဲဖြေဆိုနေသည့် ကျောင်းသားကျောင်းသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိစဉ် ယနေ့နံနက် ၁၀ နာရီခွဲတွင် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာ၏ မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါအကြမ်းဖက်သမားများသည် ကျောင်းတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာဆရာမများနှင့် စာမေးပွဲဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူများ၏ အသက်အန္တရာယ် ထိခိုက်စေရန်နှင့် ပညာသင်ကြားမှုကို ခြိမ်းခြောက် ဟန့်တားရန် ရည်ရွယ်၍ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ရာ အဆိုပါ အကြမ်းဖက် သမားများအား တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




PDF အမည်ခံ အကြမ်းဖက်သမားများ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ရေစကြိုမြို့နယ် ပခန်းငယ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းနေရာပြပုံ။

# KNLA အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသည့်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများပါဝင်သော ပူးပေါင်းအဖွဲ့က လှိုင်းဘွဲမြို့နယ် ရွှေဂွန်းကျေးရွာအတွင်းသို့ Drop Bomb များ ပစ်ချဖောက်ခွဲ၊ အပြစ်မဲ့ဒေသခံ ပြည်သူငါးဦး ထိခိုက်ဒဏ်ရာရ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

KNLA အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသည့်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများပါဝင်သော ပူးပေါင်းအဖွဲ့က ယနေ့ညနေ ၅ နာရီခန့်တွင် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ရွှေဂွန်းကျေးရွာအတွင်းသို့ Drone ယာဉ်တစ်စင်းဖြင့် Drop Bomb နှစ်လုံးကိုလည်းကောင်း၊ ညနေ ၅ နာရီ ၁၀ မိနစ်ခန့်တွင် Drone ယာဉ်တစ်စင်းဖြင့် Drop Bomb နှစ်လုံးကိုလည်းကောင်း ပစ်ချဖောက်ခွဲခဲ့ရာ ဗုံးသီးများမှာ ကျေးရွာအတွင်းရှိ နေအိမ်ခြံဝင်းများအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး အပြစ်မဲ့ဒေသခံပြည်သူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီးလေးဦးတို့ ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရလူနာများအား ဘားအံမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ကျေးရွာအတွင်းသို့ ဆင်ခြင်တုံတရားမဲ့စွာ Drop Bomb များ ပစ်ချဖောက်ခွဲခဲ့သည့် အကြမ်းဖက် သမားများအား တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက Drone ယာဉ်များအသုံးပြု၍ Drop Bomb များဖြင့် ပစ်ချဖောက်ခွဲခဲ့သည့် ရွှေဂွန်းကျေးရွာပြပုံ။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် သဌားကျေးရွာနေ အောင်သော်ထွန်း (ခ)စိုးသူသည် ၎င်းအသုံးပြုသည့် “The Yein Ye Yint” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် တယ်ပင်ကျေးရွာနေ ညွန့်ပြေသည် ၎င်းအသုံးပြုသည့် “Nyunt Pyay” Facebook အကောင့်၊ မိတ္ထီလာမြို့နယ် ပြည်သာယာ(တ) ရပ်ကွက်နေ မအိမြတ်ဖူးသွယ်(ခ) ဂျန်းဂျန်းသည် ၎င်းအသုံးပြုသည့် “Ei Myat Phoo Thaw” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဝါးခယ်မမြို့နယ်အတွင်းရှိ သမဝါယမအသင်းများစိုက်ပျိုးထားသည့် ပဲတီစိမ်းများထွက်ရှိ

ဝါးခယ်မ ဖေဖော်ဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်း ကျေးရွာ ၃၉ ရွာရှိ သမဝါယမအသင်း ၅၆ သင်းမှ အသင်းသားဦးရေ ၁၈၇၉ ဦး စိုက်ပျိုးထားရှိသော ပဲတီစိမ်း စိုက်ဧက ၅၆၃၆ ဧကအတွက် ရွှေမြန်ပြည် အေးချမ်းပြည့်သမဝါယမအသင်းက တစ်ဧကလျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်းနှင့် ညီမျှသော ပိုးသတ်ဆေး၊ မှိုသတ်ဆေးနှင့် ရွက်ဖျန်းဆေး စသည့် သွင်းအားစု ၅၀၇၂၄ မျိုးအား ပံ့ပိုးပေးခဲ့သည်။

ပဲတီစိမ်းများ ထွက်ရှိချိန်တွင် မြို့နယ် သမဝါယမအသင်းစုက တောင်သူများချေးယူထားသည့် သွင်းအားစုတန်ဖိုးနှင့် ညီမျှသည့် ပဲတီစိမ်း တင်းပေါင်း ၁၁၂၇၂ တင်းကို ကာလပေါက်ဈေးဖြင့်ဝယ်ယူ၍ ပဲအဝယ်ဒိုင်ကြီးများသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

သတင်းစဉ်



ညအချိန်
အိပ်နေချိန်တွင်
လျှပ်စစ်မီးများ
ပိတ်ထားခြင်းဖြင့်
လျှပ်စစ်ကို
နေ့စဉ် ချွေတာ
သင့်ပါသည်

# "နိပါတ်တော်လာ ဇာတ်သဘင်မဟာ အစီအစဉ်"မှ "တံခါးမှူး ဒတ္တ"ဇာတ်တော်အပိုင်း(၂)ကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်




နေပြည်တော် ဖေဖော်ဝါရီ ၂၂

မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ် လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတ ရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် "နိပါတ်တော်လာ ဇာတ်သဘင် မဟာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှ စတင်၍ အပတ်စဉ်စနေနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ အစီအစဉ်မှ "တံခါးမှူး ဒတ္တ" ဇာတ်တော်အပိုင်း(၂)ကို ပတ္တမြားကေခိုင် စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွှာစားဝါးခယ်မ စိန်မုန့်လုံး၏ တီးခတ်မှု၊ တင်မောင်ဆန်းမင်းဝင်း၊ ဘွန်း၊ ငြိမ်းချမ်းခိုင်၊ ချမ်းချမ်းမိုးနှင့်အတူ သဘင်အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ဖေဖော်ဝါရီ ၂၅ ရက် (စနေနေ့) ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး မတ် ၁ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီခွဲတွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၁၀၆)ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ် တင်ဆက်သူ စိုးရန်အောင်နှင့် မိုးဂျူလိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၄ ရက်၊ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**✻ ကျောဖုံးမှ**

ယခင်လူဟောင်းကစားသမားအများစုဖြင့် ဖွဲ့စည်းထားသည့် မဟာယူနိုက်တက်အသင်းမှာလည်း အဖွင့်ပွဲတွင် သရေတစ်မှတ်ဖြင့် ကျေနပ်ခဲ့ရသည်။

မဟာယူနိုက်တက်အသင်းသည် အမာခံကစားသမားများ ဖြစ်သည့် ကျော်စွာမင်း၊ မျိုးမင်းဖြိုး၊ ထိုက်ထိုက်အောင်၊ စိုးမင်းနိုင်၊ တိုးဆက်နိုင်တို့ဖြင့် ပွဲထွက်ခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းမှာလည်း နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် အသစ်ခေါ်ယူထားသည့် ချမ်းငြိမ်းကျော် (ဂိုး)၊ သီဟထက်အောင်၊ မောင်မောင်စိုးတို့ဖြင့် ပွဲထွက်ခဲ့သည်။ နှစ်သင်းစလုံး ခြေစွမ်းအရ ကွာခြားမှုမရှိသလို အခွင့်အရေးများ အပြန်အလှန်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သဖြင့် ဂိုးမရှိသရေရလဒ်ဖြင့် ကျေနပ်ခဲ့ရသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းနှင့် ကချင်ယူနိုက်တက်အသင်း ဂိုးမရှိသရေကျခဲ့သည်။ ပြီးခဲ့သည့် ရာသီကုန်တွင် အမာခံကစားသမားအားလုံးနီးပါး အသင်းပြောင်းရွှေ့သွားသည့် ရတနာပုံအသင်းသည် လူသစ်ကစားသမားအများစုဖြင့် ပြန်လည်တည်ဆောက်ထားပြီး အဖွင့်ပွဲတွင် သရေတစ်မှတ်ရယူနိုင်ခဲ့သည်။ တန်းတက်ကချင်ယူနိုက်တက်အသင်းသည် ရတနာပုံအသင်းကို အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့သည်။ ပထမပိုင်းတွင် ရတနာပုံအသင်းပယ်နယ်တီ ကန်ခွင့်ရသော်လည်း ကချင်ယူနိုက်တက်ဂိုးသမား မွန်ထွယ်အောင်ကာကွယ်နိုင်ခဲ့သည်။

ဖေဖော်ဝါရီ ၂၁ ရက်က စတင်ကျင်းပသည့် ပထမနေ့တွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက အား/ကာသိပ္ပံအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး ဒဂုံစတားအသင်းနှင့် ဧရာဝတီအသင်း နှစ်ဂိုးစီသရေကျခဲ့သည်။ ပွဲစဉ် (၁) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် ရန်ကုန်အသင်း၊ YUSC ကွင်း၌ မြဝတီအသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ကိုညီလေး**

**☆ ချန်ပီယံလိဂ်မှ**

လီဗာပူးအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ပွဲစဉ်မှာ အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားရတဲ့ လီဗာပူးအသင်းက ပထမပိုင်းပွဲကစားချိန် ၄ မိနစ်မှာ ဒါဝင်နူနက်ဇ်၊ ၁၄ မိနစ်မှာ ဆာလာတို့ရဲ့ သွင်းဂိုးတွေနဲ့ ဦးဆောင်ကစားနိုင်ခဲ့ပေမယ့် ရီးယဲလ်မက်ဒရစ်အသင်းက ၂၁ မိနစ်နဲ့ ၃၆ မိနစ်တို့မှာ ဗီနီစီးယပ်ဂျူနီယာက နှစ်ဂိုး၊ ၄၇ မိနစ်မှာ မီလီတောင်းက တစ်ဂိုး၊ ၅၅ မိနစ်နဲ့ ၆၇ မိနစ်တို့မှာ ဘင်ဇီမာက နှစ်ဂိုး စသဖြင့် သွင်းဂိုးတွေ ရရှိခဲ့တာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက လီဗာပူးအသင်းကို ငါးဂိုး–နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

နာပိုလီအသင်းကတော့ ဖရန့်ဖက်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး နာပိုလီအသင်းက ဖရန့်ဖက်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ နာပိုလီအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲကစားချိန် မိနစ် ၄၀ မှာ အိုဆင်ဟမ်းက တစ်ဂိုးနဲ့ ၆၅ မိနစ်မှာ လော်ရန်ဇိုက တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပြီး ဖရန့်ဖက်အသင်းကတော့ နာပိုလီအသင်းကို ရှုံးနိမ့်ခဲ့တဲ့အပြင် ပွဲကစားချိန် ၅၈ မိနစ်မှာ ကိုလိုမူအာနီ တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။ **ငွေကြယ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၁၅ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၅ | ၂၁၆၅ | ၂၁၈၅ | ၂၁၇၀ | ၂၁၅၀ | ၂၂၄၅ | ၂၂၆၅ | ၂၁၅၅ | ၂၁၆၅ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၅ | ၂၄၃၅ | ၂၈၁၀ |
| 95 Ron | ၂၁၉၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၀ | ၂၂၆၅ | ၂၂၅၀ | ၂၂၃၀ | ၂၃၂၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၁၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၉၀ | ၃၁၆၀ |
| HSD (50 ppm) | ၂၂၅၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၄၀၅ | ၂၄၀၀ | ၂၂၉၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၇၀ | ၃၁၉၀ |
| HSD (10 ppm) | ၂၂၅၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၄၀၅ | ၂၄၀၀ | ၂၂၉၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၇၀ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၀၈ | ၂၀၈၂ |
| 95 Ron | ၂၀၈၄ | ၂၁၅၉ |
| HSD (500 ppm) | ၂၀၆၈ | ၂၁၃၉ |
| HSD (50 ppm) | ၂၁၄၂ | ၂၂၁၄ |
| HSD (10 ppm) | ၂၁၄၂ | ၂၂၁၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၀၉၈၈၀၊ ၀၉–၆၉၉၆၁၁၁၁၆

၀၆၇– ၄၁၁၁၂၉၊ ၀၉–၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## "အများပြည်သူထံသို့ အသိပေးပန်ကြားချက်"

- ❖ မြန်မာနိုင်ငံကူးလက်မှတ်များအား ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှစတင်၍ www.passport.gov.mm website မှ Online Booking စနစ်သစ်ဖြင့် ကိုယ်တိုင်လျှောက်ထားနိုင်မည်ဖြစ်ပါသည်။
- ❖ Online Booking စနစ်အား မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး(ရန်ကုန်)၌သာ ကျင့်သုံးမည်ဖြစ်ပြီး ပြည်နယ်/တိုင်းဒေသကြီးများရှိရုံးခွဲများ၌ ယခင်လျှောက်ထားမှု လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
- ❖ Online Booking ရယူရာတွင် အချိန်အကန့်အသတ်မရှိဘဲ အလွယ်တကူလျှောက်ထားနိုင်ပြီး ကုန်ကျစရိတ်ကို သတ်မှတ်နှုန်းထားအတိုင်း တစ်ပါတည်းပေးချေရမည် ဖြစ်ပါသည်။
- ❖ Online Booking လျှောက်ထားရန် အခက်အခဲရှိသူများအနေဖြင့် သက်ဆိုင်ရာမြို့မရဲစခန်းများတွင် အကူအညီတောင်းခံ၍ လျှောက်ထားနိုင်ပါသည်။
- ❖ မည်သူမဆို လွယ်ကူစွာ လျှောက်ထားနိုင်ရန် စီစဉ်ထားရှိပြီး ကြားခံပွဲစားများဖြင့် အခကြေးငွေပေးဆောင်၍ လျှောက်ထားခြင်းများမပြုရန် အသိပေးနှိုးဆော်အပ်ပါသည်။


MINISTRY OF HEALTH

ကျန်းမာရေးဝန်ကြီးဌာန

(၅၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ မှ ၂၄ ရက်နေ့အထိ

ဆေးသုတေသနဦးစီးဌာန အမှတ်(၅)၊ ဇီဝကလမ်း၊ ရန်ကုန်မြို့


## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး ဒေသဖွံ့ဖြိုးရေးအတွက် မိုင်းဆတ်ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖဒေသခံပြည်သူများနှင့် တွေ့ဆုံ

မိုင်းဆတ် ဖေဖော်ဝါရီ ၂၂

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၀ ရက်က ဒေသဖွံ့ဖြိုးရေးအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကို မိုင်းဆတ်မြို့ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် မိုင်းဆတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဟိန်းကျော်က အသေးစား၊ အငယ်စား၊ အလတ်စား MSME လုပ်ငန်းများနှင့် ဒေသဆိုင်ရာအချက်အလက်များ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ဒေသလိုအပ်ချက်များ တင်ပြကြသည်။

မိုင်းဆတ်မြို့ ရပ်မိရပ်ဖ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ တင်ပြချက်များအပေါ် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက လိုအပ်ချက်များ တင်ပြမှုကိုသိရှိပြီး ကြိုးစားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ မိုင်းဆတ်ခရိုင်၊ မြို့နယ်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ပေးအပ်ရာ မိုင်းဆတ်ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက လက်ခံရယူသည်။

ထို့နောက် မိုင်းဆတ်ခရိုင် အောင်ဇေယျဘက်စုံအားကစားကွင်း RC နှစ်ထပ်ပွဲကြည့်စင်ကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအောင်မြင့်၊ ရပ်မိရပ်ဖတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မိုင်းဆတ်ခရိုင် လားဟူရိုးရာ စမ်းကြဘာသာဝင်များနှင့်တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များကို လားဟူရိုးရာ လက်ဆေးမင်္ဂလာအမှုပြုကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက လားဟူရိုးရာ စမ်းကြဘာသာဝင်များအား နှုတ်ခွန်းဆက်မင်္ဂလာစကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က တိုဘိုကြီးများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ပြည်နယ်(ပြန်/ဆက်)



## လျှပ်စစ်သုံးယာဉ်များအတွက် အိမ်သုံးအားသွင်းစက်များ ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

Chin Dwin Shan Co., Ltd. က လျှပ်စစ်သုံးယာဉ်များအတွက် အိမ်သုံးအားသွင်းစက် 7KW GB AC Charger ငါးခုကို ယမန်နေ့က ဆိပ်ကမ်းမှ ထုတ်ယူခဲ့ကြောင်း သိရသည်။

အဆိုပါ Charger များ တင်သွင်းမှုကို ပြည်တွင်းလျှပ်စစ်သုံးယာဉ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောက်ခွန်ကင်းလွတ်သက်သာခွင့်ပြုထားကြောင်း သိရသည်။ လျှပ်စစ်သုံးယာဉ်များကို ဓာတ်အားဖြည့်သွင်းရာတွင် ယခုကဲ့သို့ အိမ်သုံး 7KW Charger များဖြင့် မိမိအိမ်တွင် အလွယ်တကူ တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နားစံကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဆင်းပွဲ ကျင်းပ

မိုင်းရှူး ဖေဖော်ဝါရီ ၂၂

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက နားစံကျေးရွာ ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ မိုင်းရှူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး မိုင်းရှူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ကြားပေးသော ဆိုင်ကယ်ပြုပြင်နည်းနှင့် ပတ်သက်သည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုအဖြစ် အကျိုးရှိရှိ အသုံးချရန် ဆွေးနွေးပြောကြားသည်။



အဆိုပါသင်တန်းသို့ မိုင်းရှူးမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကို ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၂၁ ရက်အထိ ကျွမ်းကျင်နည်းပြ ဆရာများက ဆိုင်ကယ်ပြုပြင်နည်းအမျိုးမျိုးကို စာတွေ့လက်တွေ့ နှစ်မျိုးစလုံးဖြင့်(အခမဲ့) ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

၂၂၂

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

# သာယာစိုပြည် ဟုမ္မလင်းမြေ

ဒေါက်တာတင်မာမာဦး
( စစ်ကိုင်း)

**ဟုမ္မလင်းခရိုင်သည် မြန်မာနိုင်ငံ၏ မြောက်ဘက်ပိုင်းတွင်တည်ရှိ၍ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် တည်ရှိသည်။ ဟုမ္မလင်းခရိုင်သည် အရှေ့မှ အနောက်သို့ ၈၆ မိုင် ရှိပြီး တောင်မှမြောက်သို့ ၈၄ မိုင် ရှည်လျားကာ ၄၃၂၆ ဒသမ ၄၄၈ စတုရန်းမိုင် ကျယ်ဝန်းသည်။ အရှေ့ဘက်တွင် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်၊ တောင်ဘက်တွင် ဖောင်းပြင်မြို့နယ်၊ အနောက်ဘက်တွင် ချင်းပြည်နယ်နှင့် အိန္ဒိယနိုင်ငံ၊ မြောက်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်၊ လေရှီးမြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိသည်။**

ဟုမ္မလင်းခရိုင်သည် တောင်ကုန်းတောင်တန်း အနည်းငယ်ရှိပြီး လွင်ပြင်ဒေသဖြစ်ကာ မြို့ဧရိယာ၏ ၇၀ ရာခိုင်နှုန်းကျော်သည် သစ်တောဧရိယာများဖြစ်သည်။ ဟုမ္မလင်းဒေသသည် မြစ်ချောင်းများ ပေါများသော ဒေသတစ်ခုဖြစ်ပြီး ထင်ရှားသော မြစ်များမှာ ချင်းတွင်းမြစ်နှင့် ဥရုမြစ်တို့ ဖြစ်သည်။ ချင်းတွင်းမြစ်သည် မြို့အနီးမှဖြတ်၍ မြောက်မှ တောင်သို့စီးဆင်းလျက်ရှိပြီး ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သည်။ ဥရုမြစ်သည် အရှေ့မြောက်မှ အနောက်တောင်သို့ စီးဆင်းလျက် ချင်းတွင်းမြစ်အတွင်းသို့ စီးဝင်သည်။



ဟုမ္မလင်းမြို့နယ်တွင် စိုက်ပျိုးထားသည့် နှံစပါး တစ်ဧက တင်း ၁၂၀ ထွက်ရှိရေးစံပြကွက်စိုက်ခင်းများ။

ဟုမ္မလင်းခရိုင်သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးအချက်အချာကျသော ဒေသတစ်ခုဖြစ်ပြီး ဟုမ္မလင်း၊ ရွှေပြည်အေး၊ မိုပိုင်းလွတ်မြို့များဖြင့် ဖွဲ့စည်းထားကာ လူဦးရေ ၂၂၀၂၈၃ ဦး နေထိုင်ပြီး တိုင်းရင်းသားလူမျိုးစုစုံညီစွာ နေထိုင်ကာ အဓိကအားဖြင့် ရှမ်းလူမျိုးများ အများဆုံး အခြေချနေထိုင်ပြီး စိုက်ပျိုးရေးထွက်ကုန်များအတွက် အားထားရသည့် ခရိုင်တစ်ခုဖြစ်သည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ဟုမ္မလင်းခရိုင်သို့ လာရောက်၍ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ဟုမ္မလင်းမြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

**“ကမ္ဘာ့စီးပွားရေးဈေးကွက်တွင် ရော်ဘာဈေးမှာ ဈေးကောင်းနေဆဲဖြစ်၍ မြန်မာနိုင်ငံရှိ ရော်ဘာခြံများသည် အရည်အသွေးပြည့်မီသော၊ ကမ္ဘာ့တန်းဝင် ဈေးကွက်မီသော ရော်ဘာကုန်ချောထုတ်လုပ်ရန် လိုအပ်လာသည်နှင့်အညီ ဟုမ္မလင်းခရိုင်မှထွက်ရှိသည့် ရော်ဘာကုန်ကြမ်းများကို အသုံးပြု၍ သွင်းကုန်အစားထိုးကုန်ချောဖြစ်သည့် ရော်ဘာပြားများ၊ စက်ဘီး၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ကားတာယာများ ထုတ်လုပ်နိုင်သည့် MSME လုပ်ငန်းများ ပေါ်ပေါက်လာစေရန် သက်ဆိုင်သည့်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်မည်”**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တွေ့ဆုံဆွေးနွေးရာတွင် “ဟုမ္မလင်းဒေသသည် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နိုင်မည့်အခြေအနေ များစွာရှိသည့်အနက် ဒေသတွင်းဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများအပြင် နှစ်ရှည်သီးနှံများဖြစ်သည့် လက်ဖက်နှင့် ရော်ဘာစိုက်ပျိုးခြင်းများအား အားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒေသတွင်းဖြစ်ထွန်းသည့် ရော်ဘာစိုက်ပျိုးမှုများကို တိုးမြှင့်ဆောင်ရွက်ကြရန်လိုပြီး နိုင်ငံ၏ ရော်ဘာထုတ်ကုန်ပစ္စည်း လိုအပ်ချက်များကို ပြည့်မီအောင် ကြိုးစားဆောင်ရွက်နိုင်မည်ဆိုပါက ဒေသ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဒေသတွင်း စိုက်ပျိုးလျက်ရှိသည့် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး တစ်ဧကအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းရှိ ပြည်သူများ၏ ဝင်ငွေသည်လည်း များစွာတိုးတက်လာမည်ဖြစ်သကဲ့သို့ လူမှုစီးပွားဘဝသည်လည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ ဟုမ္မလင်းဒေသတွင် အရည်အသွေးကောင်းမွန်သည့် ဆန်နှင့် အခြားစိုက်ပျိုးရေးထွက်ကုန်များ ထွက်ရှိကြောင်း၊ ထို့ကြောင့် ဒေသတွင်း စိုက်ပျိုးရေးထုတ်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးရေးတိုးတက်မှုကို များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း” လမ်းညွှန်မှာကြားခဲ့သည်။

**စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်**

ဟုမ္မလင်းခရိုင်သည် ကုန်းလမ်း၊ ရေလမ်းများဆုံရာလမ်းမပေါ်တွင် တည်ရှိ၍ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော ခရိုင်တစ်ခုဖြစ်ပြီး ဒေသခံများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင် ဆောင်ရွက်ကြသည်။ မြေယာအသုံးချမှုအနေဖြင့် ခရိုင်ဧရိယာစုစုပေါင်းဧက ၂၇ သိန်းကျော်တွင် အသားတင်စိုက်ပျိုးမြေ ၁ ဒသမ ၂ သိန်းကျော်ခန့် စိုက်ပျိုးထုတ်လုပ်လျက်ရှိကာ စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများအပြင် နှစ်ရှည်သီးနှံများဖြစ်သည့် လက်ဖက်နှင့် ရော်ဘာသီးနှံများကို အဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

ဟုမ္မလင်းခရိုင်၏ စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် ၂၀၂၂- ၂၀၂၃ ခုနှစ်အတွင်း မိုးစပါးဧက ၆၄၁၆၀၊ နွေစပါးဧက ၁၀၈၄၀၊ ပဲမျိုးစုံဧက ၁၆၈၀၀၊ ဆီထွက်သီးနှံဧက ၁၃၇၆၀ အပါအဝင် သီးနှံစုစုပေါင်း ၁၃၄၃၈၂ ဧက လျာထားစိုက်ပျိုးလျက် ရှိသည်။ ခရိုင်အတွင်း သီးနှံများ စပါး၊ မြေပဲ၊ နှမ်း၊ ပြောင်းနှင့် နေကြာသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဟုမ္မလင်းခရိုင်အနေဖြင့် ရှေးယခင်မြန်မာဘုရင်များလက်ထက်ကပင် လက်ဖက်စိုက်ပျိုးမှု ရှိခဲ့ပြီး နန်းတွင်းသုံး တော်ဝင်လက်ဖက်ကို ဆက်သခဲ့ရကြောင်း ဒေသခံတောင်သူများ၏ ပြောကြားချက်အရ သိရသည်။ ဟုမ္မလင်းခရိုင်တွင် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း လက်ဖက်စိုက်ရွာပေါင်း ၃၃ ရွာ၊ တောင်သူ ၂၀၈၂ ဦးဖြင့် လက်ဖက်စိုက်ဧက ၉၃၁၃ ဧက စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ စိုက်ပျိုးထုတ်လုပ်ရာတွင် ဓာတုဆေးများ အသုံးမပြုဘဲ သဘာဝနည်းဖြင့် စိုက်ပျိုးထားရှိသည့်အပြင် ဟုမ္မလင်းဒေသထွက် လက်ဖက်အစိုနှင့် လက်ဖက်အခြောက်များကို သဘာဝအရောင်ဖြင့်သာ ရောင်းချကြပြီး အခြားဓာတုဗေဒ ဆိုးဆေးများလုံးဝ သုံးစွဲခြင်းမပြုသည့်အတွက် အော်ဂဲနစ်လက်ဖက် ထွက်ကုန်အဖြစ် ပြည်တွင်းသာမက နိုင်ငံတကာဈေးကွက်သို့ ချိတ်ဆက်တင်ပို့နိုင်ရေး ဆောင်ရွက်နိုင်ပါက အလားအလာကောင်းသည့်ဒေသထုတ်ကုန်အဖြစ် ကျယ်ပြန့်စွာရောင်းချနိုင်မည့်သီးနှံဖြစ်သည်။

**ရော်ဘာသီးနှံ ၈၁၈၇ ဧက စိုက်ပျိုး**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်ဖြစ်သည့် ဒေသတွင်းဖြစ်ထွန်းသည့် ရော်ဘာစိုက်ပျိုးမှုများကို တိုးမြှင့်ဆောင်ရွက်ကြရန်လိုပြီး နိုင်ငံ၏ရော်ဘာထုတ်ကုန်ပစ္စည်း လိုအပ်ချက်များကို ပြည့်မီအောင် ကြိုးစားဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ ဟုမ္မလင်းခရိုင်အတွင်း ၂၀၂၂- ၂၀၂၃ ခုနှစ်တွင် ရော်ဘာသီးနှံ ၈၁၈၇ ဧက စိုက်ပျိုးထားရှိပြီး ၅၃၁ ဧက အစေးလှီး ဆောင်ရွက်လျက်ရှိသည်။ ရော်ဘာသည် ပြည်တွင်းစက်မှုလုပ်ငန်းအတွက်သာမက ပြည်ပပို့ကုန်အတွက်လည်း အရေးပါသည့် စက်မှုကုန်ကြမ်းသီးနှံဖြစ်သည်။ ပြည်တွင်းရော်ဘာလိုအပ်ချက်ပြည့်မီစေရေးနှင့် အရည်အသွေးကောင်း ရော်ဘာပြားများ ပိုမိုထုတ်လုပ်လာနိုင်စေရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဈေးကွက်တင်ပို့ရာတွင် အခက်အခဲမရှိစေရန် ချိတ်ဆက်ကူညီဆောင်ရွက်ပေးခြင်း၊ ရော်ဘာစိုက်ခင်းများတွင် ကြားသီးနှံစိုက်ပျိုးခြင်းဖြင့် ဝင်ငွေရရှိစေရန်၊ ရော်ဘာနှင့်ကော်ဖီသီးညှပ် စိုက်ပျိုးလာစေရန် စံပြစိုက်ခင်းများ ဆောင်ရွက်ပြသလျက်ရှိသည်။ လက်ရှိတွင် ခရိုင်အတွင်း ရော်ဘာ၊ ကော်ဖီသီးညှပ်စိုက်ခင်း ၁၀၈ ဧက စိုက်ပျိုးဆောင်ရွက်ထားပြီးဖြစ်သည်။

ကမ္ဘာ့စီးပွားရေးဈေးကွက်တွင် ရော်ဘာဈေးမှာ ဈေးကောင်းနေဆဲဖြစ်၍ မြန်မာနိုင်ငံရှိ ရော်ဘာခြံများသည် အရည်အသွေး ပြည့်မီသော၊ ကမ္ဘာ့တန်းဝင် ဈေးကွက်မီသော ရော်ဘာကုန်ချော ထုတ်လုပ်ရန် လိုအပ်လာသည်နှင့်အညီ ခရိုင်အတွင်း ထွက်ရှိသည့် ရော်ဘာကုန်ကြမ်းများကို အသုံးပြု၍ သွင်းကုန်အစားထိုး ကုန်ချောဖြစ်သည့် ရော်ဘာပြားများ၊ စက်ဘီး၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ကားတာယာများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် တိရစ္ဆာန်သားရေမှ သားရေထည်လုပ်ငန်းနှင့် ဖိနပ်များထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်အတွက် ဟုမ္မလင်းခရိုင်မှ ထွက်ရှိသည့် ရော်ဘာကုန်ကြမ်းများကို အသုံးပြု၍ သွင်းကုန်အစားထိုးကုန်ချောဖြစ်သည့် ရော်ဘာပြားများ၊ စက်ဘီး၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ကားတာယာများ ထုတ်လုပ်နိုင်သည့် MSME လုပ်ငန်းများ ပေါ်ပေါက်လာစေရန် သက်ဆိုင်သည့်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

**တိရစ္ဆာန်မွေးမြူရေးကဏ္ဍ**

ဟုမ္မလင်းခရိုင်၏ တိရစ္ဆာန်မွေးမြူရေးကဏ္ဍတွင်လည်း ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မိရိုးဖလာနည်းဖြစ်သော လွှတ်ကျောင်း မွေးမြူခြင်း အစား စနစ်တကျလှောင်၍ မွေးမြူရေး အသိပညာပေးခြင်း၊ တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်းနှင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို စိုက်ပျိုးရေးလုပ်ငန်းတွင် စနစ်တကျ ပြန်လည်ထည့်သွင်းနိုင်ရေးအတွက် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ၂၅ ဧက၊ ပဲယဉ်း ၂၅ ဧကကို ထည့်သွင်းဆောင်ရွက်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ခုနှစ်တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ကို ဧက ၄၀ ထည့်သွင်းဆောင်ရွက်ရန်နှင့် ဒေသတွင်း ပိုက်ဆံလျှော် မျိုးစေ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် မျိုးစေ့ထုတ်စိုက်ခင်းများကိုလည်း စိုက်ပျိုးထားပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးကို အခြေခံသည့် ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာဖြင့် စဉ်ဆက်မပြတ် ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး၊ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ဟုမ္မလင်းဒေသသည်လည်း ယခုလက်ရှိထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

# မောင်တောကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုအခြေအနေ

**မောင်တော ဖေဖော်ဝါရီ ၂၂**

မောင်တောကုန်သွယ်ရေးစခန်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လျာထားချက်မှာ ပို့ကုန် ၁၁ ဒသမ ၀၀ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၅၀ ဒေါ်လာသန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ ၁၁ ဒသမ ၅၀၀ ဒေါ်လာသန်းဖြစ်သည်။ ဖေဖော်ဝါရီ ၂၀ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၁၅ ဒသမ ၂၅၇ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၀၄၂ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၁၅ ဒသမ ၂၉၉ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီး တစ်နှစ်လုံး၏ လျာထားချက်အပေါ် ၁၃၃ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

မောင်တောကုန်သွယ်ရေးစခန်းမှ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို အဓိက တင်ပို့လျက်ရှိသည်။ ဖေဖော်ဝါရီ ၂၀ ရက်အထိ တင်ပို့နိုင်ခဲ့သည့် ပစ္စည်းများမှာ လယ်ယာထွက်ကုန်ပစ္စည်းမှ ကွမ်းသီး၊ ကြက်သွန်နီ၊ သရက်သီး၊ ချင်း(အစို)၊ ဒညင်းသီး၊ အုန်းသီး၊ ထန်းလျက်၊ လဲမှို့၊ နနွင်းတက်၊ ကုလားပဲ၊ ငရုတ်သီးခြောက်၊ ဆီးသီးခြောက်၊ ခရမ်းချဉ်သီး၊ ကြက်သွန်ဖြူ၊ ရေထွက်ပစ္စည်းမှ ငါးမြစ်ချင်း၊ ငါးခေါင်းပွ၊ ငါးမုတ်၊ ငါးနီတူခြောက်၊ ငါးကုန်းညှိခြောက်၊ ငါးစုံလေးခြောက်၊ ပုစွန်ခြောက်၊ ငါးသလောက်၊ စက်မှုကုန်ချောပစ္စည်းမှ လူကြီးစီးဖိနပ်၊ ချည်လုံချည်၊ ကွေကာအုပ်၊ သနပ်ခါးခဲ၊ ဆီးယိုထုပ်၊ ကော်ဖီမစ်၊ မျက်နှာလိမ်းခရင်၊ နေကြာစေ့၊ ခေါက်ဆွဲ၊ ဆန်ကြာဆံ၊ ထွန်းရွှေဝါတို့ တင်ပို့ခဲ့သည်။

ဖေဖော်ဝါရီ ၂၁ ရက် ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ၂၈၅၄ ကျပ်၊ ၁၁၆ ဒသမ ၅၀ တာကာ၊ ၁၀၀ ကျပ်လျှင် ၄ ဒသမ ၀၈ တာကာ၊ တစ်တာကာလျှင် ၂၄ ဒသမ ၅၀ ကျပ်ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။



# ပြည်ဒေသထွက် ငရုတ်သီးစိမ်းဈေးနှုန်းဈေးကွက်

**ပြည် ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တွင် ငရုတ်သီးစိမ်းကို ဦးစားပေး၍ စိုက်ပျိုးကြရာ ငရုတ်သီးစိမ်းစိုက်ဧကမှာ ၇၆၃ ဧကရှိပြီး တစ်ဧကအထွက်နှုန်းမှာ ပျမ်းမျှပိဿာ ၁၃၀၀ ကျော်ထွက်ရှိကြောင်း၊ ငရုတ်သီးခြောက်အတွက် စိုက်ဧကမှာ ၄၅၀ ရှိကြောင်း သိရသည်။

ငရုတ်ပင်စိုက်ပျိုးရာတွင် အကောင်းဆုံးမြေမှာ သဲနုန်းမြေဖြစ်ပြီး ရာသီဥတုပူနွေးမှုနှင့် စိုစွတ်မှုကို ကြိုက်နှစ်သက်သော်လည်း ရေဝပ်လျှင် မကြိုက်သဖြင့် မိုးများသော မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးရာသီတွင် စိုက်ပျိုးခြင်းမရှိဘဲ ဆောင်းရာသီ၌သာ စိုက်ပျိုးကြကြောင်း၊ မိုးကြိုငရုတ်ကို ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် ပျိုးထောင်၍ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး ၂-၃ လ အကြာတွင် ငရုတ်သီးများ စတင်ခူးဆွတ်ရပြီး ငရုတ်သီးခူးဆွတ်ရာတွင် ငါးရက်လျှင် တစ်ကြိမ် ခူးဆွတ်ကြောင်း သိရသည်။

ပြည်မြို့နယ်တွင် ငရုတ်သီးစိမ်းကို ခွေးရဲကျေးရွာ၊ မော်ဇာကျေးရွာတို့အပြင် အချို့သောကျေးရွာများတွင်လည်း စီးပွားဖြစ်စိုက်ပျိုးကြကြောင်း၊ ငရုတ်သီးစိမ်းဈေးကွက်အနေဖြင့် ထွက်ရှိလာသော ငရုတ်သီးစိမ်းများကို ပြည်ဈေးကွက်သို့ တင်ပို့ရောင်းချပြီး ပြည်ဈေးကွက်မှတစ်ဆင့် ရန်ကုန်မြို့နှင့် ရခိုင်ပြည်နယ် တောင်ကုတ်မြို့သို့ တင်ပို့ရောင်းချကြောင်း သိရသည်။ ဈေးနှုန်းအနေဖြင့် ပီနန်ငရုတ်သီးစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ ဈေးဖြင့် ရောင်းချရပြီး ကျောက်စိမ်းငရုတ်သီးစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ ငရုတ်သီးစိုက်ပျိုးသူ တောင်သူများအနေဖြင့် ငရုတ်သီးဈေးနှုန်းမှာ ယခင်နှစ်ထက် ကောင်းမွန်လာသဖြင့် ပိုမိုတိုးချဲ့စိုက်ပျိုးလာကြရာ အမြတ်အစွန်းများလည်း ပိုမိုရရှိလာကြောင်း သိရသည်။

# ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မန်ကျည်းဖတ်၊ အုန်းသီးနှင့် ငါးမြစ်ချင်း တို့ကို ဆက်တိုက် ဝယ်ယူလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

အိမ်နီးချင်းနိုင်ငံ ဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နယ်စပ်ဒေသမှတစ်ဆင့် ကုန်သွယ်မှုပြုရာတွင် ရခိုင်ပြည်နယ်ရှိစစ်တွေကုန်သွယ်ရေးစခန်းနှင့် မောင်တောကုန်သွယ်ရေးစခန်းတို့မှတစ်ဆင့် တစ်ဖက်နိုင်ငံ တက္ကနဖ်မြို့သို့ ကုန်စည်များ တင်ပို့/တင်သွင်းလျက်ရှိသည်။

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်သို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများနှင့် စက်မှုကုန်ချော ပစ္စည်းများကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတစ်ဆင့် စဉ်ဆက်မပြတ် တင်ပို့လျက်ရှိသည်။ သွင်းကုန်အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို တင်သွင်းလျက်ရှိသည်။

သို့ရာတွင် ယခုကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ တင်သွင်းမှုနည်းပါးခဲ့ပြီး တင်ပို့မှုသာရှိခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မန်ကျည်းဖတ်၊ အုန်းသီးနှင့် ငါးမြစ်ချင်းတို့ကို ဆက်တိုက်ဝယ်ယူလျက်ရှိသည်။ ယခုအပတ်အတွင်း အဆိုပါပစ္စည်းများ၏ တင်ပို့နိုင်မှုကို ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက မန်ကျည်းဖတ် လေးတန်၊ အုန်းသီး တန်၂၀ နှင့် ငါးမြစ်ချင်း တန်ချိန် ၁၀၁ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

# လွှယ်ဂျယ်နယ်စပ်ကုန်စည်စီးဆင်းမှု အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဖေဖော်ဝါရီ ၂၁ ရက်တွင် ပို့ကုန်အနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်း ဆန်ကား သုံးစီး (တန်ချိန် ၉၃ ဒသမ ၀၀ တန်)၊ ဆန်ကွဲကား နှစ်စီး (တန်ချိန် ၆၅ ဒသမ ၀၀ တန်)၊ တစ်သျှူးငှက်ပျောကား ၄၂ စီး (တန်ချိန် ၆၇၂ ဒသမ ၀၀ တန်)၊ မြေထောက်ပဲကား နှစ်စီး (တန်ချိန် ၅၂ ဒသမ ၅၀ တန်)၊ ကြံ သုံးစီး (၅၁ ဒသမ ၀၀ တန်)တို့ တင်ပို့နိုင်ခဲ့သည်။ တစ်ဖက်နိုင်ငံမှ ဂျပ်ဖာကားနှစ်စီး (တန်ချိန် ၁၁ ဒသမ ၀၀ တန်)၊ ချည်ခင်ကားတစ်စီး (တန်ချိန် ၁၄ ဒသမ ၀၀ တန်)၊ ဂျပ်စက္ကူကား သုံးစီး (တန်ချိန် ၃၆ ဒသမ ၀၀ တန်)၊ ကုန်စုံကားတစ်စီး (တန်ချိန် ၂ ဒသမ ၅၀ တန်)၊ ဓာတ်မြေဩဇာကားတစ်စီး (တန်ချိန် ၂၀ ဒသမ ၀၀ တန်) တင်သွင်းနိုင်ခဲ့သည်။ ကုန်သွယ်မှုလမ်းကြောင်းမှာ ပုံမှန်အတိုင်း ကောင်းမွန်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁ ရက်နေ့တွင် တစ်ယွမ်လျှင် ၄၁၆ ကျပ်ဖြစ်ခဲ့ပြီး ဖေဖော်ဝါရီ ၂၁ ရက်နေ့တွင် တစ်ယွမ်လျှင် ၄၁၇ ကျပ်အထိ မြန်မာကျပ်ငွေ ဈေးအနည်းငယ် လျော့နည်းခဲ့ကြောင်း သိရသည်။ ■





# ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းအနေဖြင့် ယခုတစ်ပတ် ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန်ဆောင်ရွက်မှု ၇ ဒသမ ၅၁၄ ဒေါ်လာသန်းနှင့် သွင်းကုန်ဆောင်ရွက်မှု ၅ ဒသမ ၉၉၁ ဒေါ်လာသန်း ကုန်သွယ်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ကုန်သွယ်မှုပမာဏအနေဖြင့် ၁၃ ဒသမ ၅၀၅ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီး ယာဉ်စီးရေအနေဖြင့် ပို့ကုန် ၁၅၄၄ စီး၊ သွင်းကုန် ၆၃၁ စီး ဆောင်ရွက်နိုင်ခဲ့သည်။ ယခင်တစ်ပတ် ပို့ကုန်ဆောင်ရွက်မှု ၆ ဒသမ ၂၇၀ ဒေါ်လာသန်းနှင့် သွင်းကုန်ဆောင်ရွက်မှု ၂ ဒသမ ၅၈၈ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏအနေဖြင့် ၈ ဒသမ ၈၅၈ ဒေါ်လာသန်းဖြစ်သောကြောင့် ယခုတစ်ပတ် ကုန်သွယ်မှုပမာဏသည် ယခင်တစ်ပတ်ထက် ပိုမိုခဲ့ကြောင်း သိရသည်။

အဓိကပို့ကုန်ဖြစ်သည့် ပြောင်း၊ ပဲတီစိမ်း၊ မြေထောက်ပဲ၊ ပဲယဉ်း၊ မြေပဲဆန်၊ နှမ်းနက်၊ နှမ်းညို (ခွံချွတ်)၊ နံ့စားပြောင်း၊ ချင်း(စို)၊ ရော်ဘာ၊ ဝဥအစို၊ ဝါစေ့တင်ပို့မှုပိုမိုခဲ့ခြင်းကြောင့် ယခင်အပတ်ထက် ၁ ဒသမ ၂၄၄ ဒေါ်လာသန်း ပိုမိုခဲ့ပြီး သွင်းကုန်ပိုင်းတွင် လူသုံးကုန်ပစ္စည်းအုပ်စု၊ ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းအုပ်စု၊ လုပ်ငန်းသုံးကုန်ကြမ်းအုပ်စုတို့ ပိုမိုခဲ့ခြင်းကြောင့် ယခင်အပတ်ထက် ၃ ဒသမ ၄၀၃ ဒေါ်လာသန်း ပိုမိုခဲ့ပြီး ကုန်သွယ်မှုပမာဏအနေဖြင့် ၄ ဒသမ ၆၄၇ ဒေါ်လာသန်းပိုမိုခဲ့ကြောင်း သိရသည်။

# စလင်းမြို့နယ် နွယ်တမယ်ကျေးရွာရှိ ပံပြောင်းဖူးစိုက်တောင်သူများ ဝင်ငွေတိုးပွားလျက်ရှိ

**စလင်း ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် နွယ်တမယ်ကျေးရွာရှိ တောင်သူများအနေဖြင့် ယခုနှစ်တွင် ဖူးစားပြောင်းအမျိုးအစားများဖြစ်သော (၁၃၅)ပံပြောင်းနှင့် ပြောင်းစေးမျိုးများကို စိုက်ပျိုးကြသည့်အနက် တောင်သူများအနေဖြင့် (၁၃၅)ပံပြောင်း အမျိုးအစားကိုသာ အဓိကစိုက်ပျိုးကြကြောင်း၊ ယခင်နှစ်၌ (၁၃၅)ပံပြောင်း အနည်းငယ်စိုက်ပျိုးခဲ့ရာ အထွက်နှုန်းကောင်းမွန်၍ တစ်ဖူးလျှင် ငွေကျပ် ၁၁၀ ရရှိခဲ့ကြောင်း၊ (၁၃၅) ပံပြောင်းကို နှစ်စဉ် ချောင်းရေကျချိန် ဒီဇင်ဘာလတွင် စိုက်ပျိုး၍ စိုက်ပျိုးပြီး သုံးလအကြာတွင် စတင်၍ အဖူးချိုးရကြောင်း သိရသည်။

ယခုနှစ်တွင် တစ်ဧကလျှင် အပင်ရေ ၂၂၀၀၀ ခန့်စိုက်ပျိုးရာ ပျမ်းမျှအပင်ရေ ၂၀၀၀၀ ကျော် အောင်မြင်ဖြစ်ထွန်းကြောင်း၊ အထွက်နှုန်းနှင့် ဈေးနှုန်းအနေဖြင့် တစ်ဧကလျှင် ဈေးကွက်ဝင်အဖူး ၂၀၀၀၀ ကျော်ခန့်ရရှိရာ တစ်ဖူးလျှင် ငွေကျပ် ၂၀၀ ရောင်းချရသည့်အတွက် တစ်ဧကဝင်ငွေ ကျပ်သိန်း ၄၀ ခန့်ရရှိပြီး ကုန်ကျစရိတ်အနေဖြင့် မျိုး၊ မြေပြုပြင်စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ သွင်းအားစုနှင့် လုပ်အားခများ အပါအဝင် တစ်ဧကငွေကျပ် ၁၉ သိန်းကုန်ကျကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ထွက်ရှိသော ပံပြောင်းဖူးများကို မင်းဘူး၊ စလင်း၊ ပွင့်ဖြူ၊ ဆိပ်ဖြူ၊ ချောက်မြို့များသို့ သွားရောက်ရောင်းချကြပြီး တချို့ပွဲစားများက ပြောင်းခင်းအရောက် အခင်းပြတ် ဝယ်ယူကြကြောင်း၊ ယခုနှစ်ဆောင်းရာသီကာလတွင် (၁၃၅)ပံပြောင်းစိုက်တောင်သူများ အဆင်ပြေလျက်ရှိပြီး ဝင်ငွေတိုးပွားလျက်ရှိကြောင်း သိရသည်။

# ဆီထွက်သီးနှံဆောင်းနေကြာများ တိုးချဲ့စိုက်ပျိုးလျက်ရှိ

**ပဲခူး ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံဖြစ်သော နေကြာကို တစ်မြို့နယ်လုံး အတိုင်းအတာဖြင့် စိုက်ဧကပေါင်း ၃၇၀၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**စားသုံးဆီဖူလုံရေး**

ဒေသတွင်း စားသုံးဆီဖူလုံရေးအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ဆင်းနေကြာ -၂ နေကြာမျိုးစေ့အိတ် ၃၇၀၀ ကျော်အား ဖြန့်ဝေပေးခဲ့ကြောင်း၊ ဓာတ်မြေဩဇာတစ်အိတ်လျှင် ငွေကျပ် ၃၄၄၀၀ နှုန်းဖြင့် တစ်ဧကလျှင် အိတ်ဝက်နှုန်း ရောင်းချပေးခဲ့ကြောင်း၊ ကြို့ပင်ကောက်မြို့တွင် နေကြာစိုက်ပျိုးနိုင်သော မြေအမျိုးအစားအားလုံးတွင် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ရာ စစ်ကုန်း ၂ ကျေးရွာအုပ်စုတွင် မျိုးစေ့ထုတ်ဧက ၁၁၂ ဧကနှင့် လက်ပံပင်စုကျေးရွာတွင် မျိုးစေ့ထုတ်ဧက ၁၁ ဧကတို့ကို အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မျိုးကောင်းမျိုးသန့်များကို ပြန်လည်အသုံးပြုဖြန့်ဝေနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကြို့ပင်ကောက်မြို့၌ ဆီထွက်သီးနှံဖြစ်သောနေကြာကိုဆောင်းသီးနှံပဲစိုက်ခင်းများတွင် သီးထပ်သီးညှပ်အဖြစ် ၃၅၃၁ ဧကနှင့် သီးသန့်စိုက်ပျိုးမှုအဖြစ် ဧက ၁၇၀ စုစုပေါင်း ၃၇၀၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အခြားဆီထွက်သီးနှံများဖြစ်သော မြေပဲစိုက်ဧက ၁၇၁၅ ဧကနှင့် နှမ်း ၃၅၁ ဧကတို့ကိုလည်း စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ လာမည့်နှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း
အရင်းအမြစ် -
စီးပွား / ကူးသန်း

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်–(၁၁၇၉/က)၊ ကုန်းဘောင်(၁၅)လမ်း၊ အလျား(၆၀)ပေ × အနံ(၂၀)ပေ၊ အကျယ်အဝန်း(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေ မြေအမျိုးအစားမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် (၁)ဦးအောင်ကျော်လင်း (၁၃/ကလန(နိုင်)၀၆၉၆၉၄) နှင့် (၂)ဒေါ်မေသက်နိုင် (၁၂/ဗဟန(နိုင်)၀၉၁၄၅၆)တို့မှ အမည်ပေါက်ပြီး၊ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများဖြစ်ကြသော (၁)ဦးကျော်စင်ထွန်း (၅/မရန(နိုင်)၁၃၇၆၄၂) နှင့် (၂)ဒေါ်ဖြူသွယ်ထွန်း(၅/ကဘလ(နိုင်)၁၂၈၉၅၄)တို့မှ စရံငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

| | |
|---|---|
| ဒေါ်ဖြူဖြူသန့် | ဒေါ်လှိုင်ယဉ်မွန် |
| LL.B., D.B.L., WIPO-101(Switzerland) | LL.B |
| တရားလွှတ်တော်ရှေ့နေ (စဉ်–၈၃၁၁) | အထက်တန်းရှေ့နေ (စဉ်–၄၀၆၄၈) |

အမှတ်–၁၂၈၊ ၄၁–လမ်း၊ မြေညီထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ရုံးဖုန်း–၀၁ ၈၂၄၅၇၈၄၊ ၀၉ ၅၄၀၁၄၆၂၊ ၀၉၈၈၇၈၀၀၀၂၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/B)၊ မြေကွက်အမှတ်(၅၃၄)၊ မြေအကျယ်အဝန်း(အလျား x အနံ)(၄၀ပေ x ၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ ဦးစိန်မောင်အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏(ခြေရင်းဘက်အခြမ်း)၊ မြေကွက်အမှတ်(၅၃၃)နှင့် ကပ်လျက်ဘက်အခြမ်းဖြစ်သော မြေအကျယ်အဝန်း(အလျားxအနံ)(၂၀ပေx၆၀ပေ)ရှိ ယခုအခေါ်အမှတ်(၅၃၄)၊ သမာဓိ(၃)လမ်း၊ (၃၉/B)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ်(၆၀)မြေငှားစာချုပ်ဂရန်မူရင်း၊ ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးစိန်မောင် [၁၂/ရကန(နိုင်)၀၃၆၂၂၄](AB–၀၁၅၂၅၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက (၂၁–၂–၂၀၂၃)ရက်စွဲပါ "မြေကွက်အရောင်းအဝယ်စရန်ပေးကတိစာချုပ်" ဖြင့် တန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ၍ ဝယ်ယူထားပါသည်။ အဆိုပါ ပစ္စည်းနှင့်ပတ်သက်၍ အပြီးသတ်ငွေအပြေအကျေပေးချေပြီး တရားဝင်လက်ရောက်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသည့် အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်အေးသန္တာမြင့်** | **ဒေါ်ခင်နီလာဦး** |
| **LL.B,W.I.P.O(Switzerland)** | **LL.B,D.B.L,B.D.S(MOFA)(Dip in English),W.I.P.O(Switzerland)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၅၀၃၇)** | **အထက်တန်းရှေ့နေ(စဉ်–၃၉၁၁၃)** |

**အမှတ်–၁၁၀၆/ခ၊ အဏ္ဏဝါလမ်းနှင့်ကန်သာယာ(၂)လမ်းထောင့်၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း–၀၉–၂၆၄၅၀၉၉၄၅၊ ၀၉–၄၄၂၇၅၃၆၁၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ မြေကွက်အမှတ်(၁၀၆၃/ခ)၊ မြေအကျယ်အဝန်း(အလျားxအနံ)(၂၀ပေx၆၀ပေ)ရှိ ဦးတင်ရွှေအမည်ပေါက် မြေချပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ယခုအခေါ်အမှတ် (၁၀၆၃/ခ)၊ ကျောက်မျက်ရတနာလမ်း၊ (၅၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့်(၁)ထပ်ပျဉ်ထောင်နေအိမ်(၁)လုံး ရေ၊ မီးအစုံအလင်အပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေချပါမစ်မူရင်း၊ ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ တရားဝင်လက်ရောက်ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးအောင်မြင့်သူ [၉/ညဥန(နိုင်) ၂၀၈၃၇၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများက (၂၁–၂–၂၀၂၃)ရက်စွဲပါ "မြေနှင့်အိမ် အရောင်းအဝယ်စရန်ပေးကတိစာချုပ်"ဖြင့် တန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ၍ ဝယ်ယူထားပါသည်။ အဆိုပါ ပစ္စည်းနှင့်ပတ်သက်၍ အပြီးသတ်ငွေအပြေအကျေပေးချေပြီး တရားဝင်လက်ရောက်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်အေးသန္တာမြင့်** | **ဒေါ်ခင်နီလာဦး** |
| **LL.B,W.I.P.O(Switzerland)** | **LL.B,D.B.L,B.D.S(MOFA)(Dip in English),W.I.P.O(Switzerland)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၅၀၃၇)** | **အထက်တန်းရှေ့နေ(စဉ်–၃၉၁၁၃)** |

**အမှတ်–၁၁၀၆/ခ၊ အဏ္ဏဝါလမ်းနှင့်ကန်သာယာ(၂)လမ်းထောင့်၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း–၀၉–၂၆၄၅၀၉၉၄၅၊ ၀၉–၄၄၂၇၅၃၆၁၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/က)၊ မြေကွက်အမှတ် (၂၁၇)၊ နန္ဒဝန်လမ်း၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)၊ (၂၄၀၀) စတုရန်းပေရှိ ဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် မြို့မြေစာရင်းတွင် ဦးဘိန်ဝှက်(ခ) ထွန်းကျော် [၁၂/မရက(နိုင်)၁၀၅၇၂၂] အမည်ပေါက်တည်ရှိပြီး ၎င်းထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၈၀၉/၂၀၂၃)ရရှိထားသူ ဦးအောင်မြတ်မိုး[၁၂/တမန(နိုင်)၀၀၁၂၇၇]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မွန်မွန်ချို (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈) ဒေါ်စန္ဒာဝင်း (LL.B)အထက်တန်းရှေ့နေ (စဉ်–၂၆၄၀၉)**
**အမှတ်(၁၈၇)၊ ပထမထပ်၊ သုဒဿနလမ်း၊ (၁၆/၂) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၃/နဝဒေးရပ်၊ နဝဒေးရပ်ကွက်မှ မြေဧရိယာ(၀.၁၁၀)ဧကရှိ အရာခံဗိုလ်ကျော်ဌေး [၈/မကန(နိုင်) ၁၆၈၅၅၃]၊ အဖအမည် ဦးထွန်းကြည် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်[ပစ(B)၁၇၀၀]ကိုမြေကွက်အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်ခင်စောဝင်း [၁၃/ကခန(နိုင်)၀၀၂၈၃၄]၊ အဖအမည် ဦးအုန်းပွင့်မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ် သမဝါယမအသင်းစုအိတ်ဖွင့် လေလံလျှောက်လွှာခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ သမဝါယမအသင်းစုပိုင်၊ ဘူတာတောင်ရပ်ကွက်(၁၆)လမ်းနှင့် (၂၁)လမ်းထောင့်ရှိ ဧရိယာ(၀.၀၁၀၁)ဧကနှင့် ယင်းမြေပေါ်ရှိ တစ်ထပ်အဆောက်အဦ(အလျား) ၁၁၄ ပေ၊ (အနံ)၁၈ပေခွဲ၊ (အမြင့်)၁၂ပေ ကွန်ကရစ်ခင်း အုတ်ကာ သွပ်မိုး အခန်း(၁၂)ခန်းပါရှိသော အဆောက်အဦအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| လေလံလျှောက်လွှာရောင်းချမည့်ရက် | – | (၂၃–၂–၂၀၂၃)မှ(၂၈–၂–၂၀၂၃)နေ့ထိ |
| လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက် | – | (၂၈–၂–၂၀၂၃)ရက်နေ့(၁၆:၀၀)နာရီ |
| လေလံတင်ရောင်းချမည့်ရက် | – | (၁–၃–၂၀၂၃)ရက်နေ့ နံနက်(၁၁:၀၀)နာရီ |
| လေလံလျှောက်လွှာရောင်းချမည့်နေရာ | – | ဖြူးမြို့နယ်သမဝါယမအသင်းစုရုံး (၁၆)လမ်းနှင့်(၂၁)လမ်းထောင့်၊ ဘူတာတောင်ရပ်ကွက်၊ ဖြူးမြို့နယ် |
| ဆက်သွယ်ရန်ဖုန်း | – | 09–428162688/ 09–779063211 |

**လေလံတင်ရောင်းချရေးအဖွဲ့**
**ဖြူးမြို့နယ်အသင်းစုရုံး**
**ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## စစ်ကိုင်းတိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၂–၂၀၂၃ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေဖြင့် မြို့နယ်(၄)မြို့နယ်တွင် ဆောင်ရွက်မည့် လုပ်ငန်း(၇)ခု အတွက် ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်–

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာစတင်ရောင်းချရမည့်ရက်/အချိန် | – | (၂၃–၂–၂၀၂၃)(ရုံးချိန်အတွင်း) |
| (ခ) | အိတ်ဖွင့်တင်ဒါလျှောက်လွှာရောင်းချမည့်နောက်ဆုံးရက် | – | (၈–၃–၂၀၂၃) ညနေ(၁၆:၀၀)နာရီ |
| (ဂ) | (PO/ကုမ္ပဏီဖွဲ့စည်းပုံ/အခွန်ကင်းရှင်းကြောင်းအထောက်အထား/Bank Statement တင်ပြရမည့်နေ့) | – | (၉–၃–၂၀၂၃) နံနက်(၉:၃၀)မှ ညနေ(၁၆:၀၀)နာရီထိ (ကြာသပတေးနေ့) |
| (ဃ) | တင်ဒါ(A)/(B) စာအိတ်လက်ခံခြင်း၊ (B)စာအိတ်ဖွင့်ဖောက်စစ်ဆေးခြင်းနှင့် (A) စာအိတ်ဖွင့်ဖောက်စစ်ဆေးမည့်ရက် | – | (၁၀–၃–၂၀၂၃)ရက်နေ့ (သောကြာနေ့) |
| (င) | တင်ဒါ(A)/(B) စာအိတ်ဖွင့်ဖောက်စစ်ဆေးမည့်နေရာ | – | စစ်ကိုင်းတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မုံရွာမြို့။ |

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တယ်လီဖုန်းနံပါတ် (၀၇၁–၂၆၃၄၉၊ ၂၆၃၅၉)သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တယ်လီဖုန်း–၀၇၁–၂၆၃၄၉၊ ၂၆၃၅၉**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## မရမ်းကုန်းခရိုင် တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၁၀
### (ကွယ်လွန်သူ ဒေါ်ဆွေထက်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု)

ဦးရေးထက်ဒိုး **လျှောက်ထားသူ**
အမှတ်–၁၊ မစိုးရိမ်ကျောင်းလမ်း
**၅–ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ မစိုးရိမ်ကျောင်းလမ်း၊ အမှတ်–၁၌** နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ဆွေထက် ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးရေးထက်ဒိုးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၈)ရက်၊ (၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်) နံနက် ၁၀:၀၀ နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ဆွေထက် ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်(၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်) နေ့၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ–၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးရေးထက်ဒိုး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၉)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးမင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မရမ်းကုန်းခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၈)ရပ်ကွက်၊ မြေကွက်အမှတ်(၈၈၀)နှင့် ဧရိယာ(၀.၀၅၅)ဧက၊ (အလျား၄၀ပေx အနံ၆၀ပေ)(၂၄၀၀စတုရန်းပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်မြေကွက်အမှတ်(၈၈၁)၊ ဧရိယာ(၀. ၀၅၅)ဧက(အလျား၄၀ပေ x အနံ ၆၀ပေ) (၂၄၀၀စတုရန်းပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက် ယင်းမြေကွက်များသည် အမှတ်(၈၈၀)နှင့် (၈၈၁) (ယခင်) ရောဝဏ်ချဉ်းကပ်လမ်း၊ (ယခု)ဦးဘဉာဏ်လမ်း၊ (၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် မြေကွက်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးဇော်ဇော် [၁၄/ပတန(နိုင်)၀၀၀၁၃၄]၊ ဒေါ်မီမီခိုင် [၁၄/ပတန(နိုင်)၀၀၀၁၃၅]၊ ဒေါ်မီမီလှိုင် [၁၄/ပတန(နိုင်) ၀၀၀၁၃၄]တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေပြီး ဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်တော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၂၁၇၂)**
**B.A(LAW)LL.B (Advocate), D.B.L, D.M.L,D.I.L,D.A.Psy.**
**WIPO, DL (101), (201), (317) Switzerland (Geneva).**
**အမှတ်(၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကန်ဘဲ့၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၇၁၂၀၆၊ ၀၉–၉၇၄၇၃၅၆၈၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၉ အယ်(လ်)၊ မြေကွက်အမှတ်–၈၉၊ ဧရိယာ(၀.၀၃၄)ဧက၊ မြေအမျိုးအစား–နှစ်(၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၃၇)၊ ၆၂–လမ်း၊ ၃–ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်၏ မြို့မြေစာရင်း အမည်ပေါက်ပိုင်ရှင်များဖြစ်သည့် (၁) ဦးစိန်ဌေး[၁၂/ဗတထ(နိုင်)၀၁၃၃၂၆]၊ (၂) ဦးမြင့်ဌေး [၁၂/ဗတထ(နိုင်)၀၁၂၄၀၈၂]၊ (၃) ဦးဟန်ဌေး [၁၂/ဗတထ(နိုင်)၀၁၂၂၅၄၉]၊ (၄) ဦးလှဌေး [၁၂/အလန(နိုင်)၀၁၂၉၀၉၃]၊ (၅) ဦးမောင်မောင်ဌေး [၁၂/ဗတထ(နိုင်) ၀၁၆၉၉၃]၊ (၆) ဒေါ်တင်မေဌေး [၁၂/ဗတထ(နိုင်)၀၁၃၃၅၀]တို့ထံမှ (၂၄–၄–၂၀၁၇) ရက်စွဲပါ "မြေနှင့်အိမ်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"အရ ဝယ်ယူထားရှိသူ ဦးသန့်ဇော်ဦး(ခ) ဂျမား [၁၄/ဘကလ(နိုင်)၂၈၁၇၈၅]က မိမိတစ်ဦးတည်း လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်း မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးအေးမင်းဇော်** | **ဦးကျော်မင်းနိုင်** |
| **အထက်တန်းရှေ့နေ(စဉ်–၄၈၉၃၉)** | **အထက်တန်းရှေ့နေ(စဉ်–၄၈၈၈၀)** |

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၈ U10၊ လူနေရပ်ကွက်အမှတ်–အဆင့်မြင့်၊ မြေကွက်အမှတ်–၄၄၆၊ ဧရိယာ(၀.၁၁၄)ဧက၊ အကျယ်(၆၂x၈၀)ပေ၊ မြေအမျိုးအစား–နှစ်(၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၄၄၆)၊ ပြည်မြန်မာလမ်း၊ ၄၈–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်းအမည်ပေါက်ပိုင်ရှင် ဦးသန်းဝင်း [၁၂/ဗဟန(နိုင်)၀၇၉၁၁၁]က မိမိတစ်ဦးတည်းလက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးအေးမင်းဇော်** | **ဦးကျော်မင်းနိုင်** |
| **အထက်တန်းရှေ့နေ(စဉ်–၄၈၉၃၉)** | **အထက်တန်းရှေ့နေ(စဉ်–၄၈၈၈၀)** |

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ပြင်ဆင်ဖတ်ရှုပါရန်

(၆–၂–၂၀၂၃)ရက်စွဲပါ ကြေးမုံသတင်းစာ ကြော်ငြာ(၃၁)တွင် အထက်တန်းရှေ့နေများဖြစ်ကြသော ဒေါ်အေးသန္တာမြင့်၊ ဒေါ်ခင်နီလာဦးတို့၏ အများသိစေရန် ကြေညာခြင်းတွင် ဒေါ်ဝါဝါဝင်းလတ်အစား ဒေါ်ဝါဝင်းလတ် ဟုလည်းကောင်း၊ (၂၆–၇–၂၀၁၈)အစား (၂၆–၈–၂၀၁၈)ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ သုမာလာလမ်း၊ မြေကွက်အမှတ် (၆၉၈/ခ)၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)၊ ဧရိယာ(၀.၀၂၇၅)ဧက၊ စတုရန်းပေ(၁၂၀၀)ရှိ မြေနှင့် အိမ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဦးဗိုလ်ကြီး၏ ဇနီးဖြစ်သူ ဒေါ်စိန်ဌေး အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်အား ဦးဗိုလ်ကြီး [၁၂/ဥကမ(နိုင်)၀၂၅၂၄၇]မှ ဇနီးဖြစ်သူသေဆုံးပြီး မိမိပိုင်ဆိုင်ကြောင်းပြောဆို၍ ရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစောလေးအယ်အေး [၁၂/ဥကမ(နိုင်)၀၃၆၅၀၈]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့် နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဝင်းထိုက် (LL.B)**
**(တရားလွှတ်တော်ရှေ့နေ) စဉ်–၁၂၂၄ (၁၄–၃–၂၀၁၇)**
**အမှတ်(၅၇၄)၊ ဒူးယား(၄)လမ်း၊ (၅၀) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၂၄၀၂၁၈၈**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

## ကြေညာချက်

ကျွန်တော်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ-၆၆/၆မူရင်းတို့တွင် မှတ်ပုံတင်နံပါတ်မှာ [၉/ပဥလ(နိုင်)၁၀၅၁၆၀]ဖြစ်၍ ဥပဒေဘွဲ့လက်မှတ်မူရင်းတွင် မှတ်ပုံတင်နံပါတ်မှာ [၉/မမန(နိုင်)၀၈၇၆၀၇]ဖြစ်နေသော်လည်း အမှန်တကယ် ကျွန်တော်သည် မှတ်ပုံတင်နံပါတ် [၉/ပဥလ(နိုင်)၁၀၅၁၆၀]တစ်ခုတည်းကိုသာ ကိုင်ဆောင်လျက်ရှိသူဖြစ်ပါသည်။

**ဦးနေမျိုးအောင် [၉/ပဥလ(နိုင်)၁၀၅၁၆၀]**
**ဖုန်း-၀၉-၄၀၂၅၂၇၅၁၉**

## ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ အလံပြဘုရားလမ်းနှင့် နဝဒေးလမ်းထောင့်၊ အမှတ်-၃၉ ဟုခေါ်တွင်သော ယူနိုက်တက်ကွန်ဒို အဆောက်အဦ၏ (၅)လွှာ၊ အခန်းအမှတ်-၅၀၁ (၁၂၀၀ စ/ပေ) အကျယ်ရှိ တိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူများဖြစ်ကြသည့် ဒေါ်လဲ့ဝင်းမင်း [၁၂/ဗဟန (နိုင်)၀၀၀၇၄၉]နှင့် ဒေါ်မြတ်သက်မင်း[၁၂/ဗဟန(နိုင်)၀၀၃၀၄၂]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဦး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၇၀၂)**
**ယူနိုက်တက်ကွန်ဒို၊ အခန်း-၁၁၁၊ အလံပြဘုရားလမ်းနှင့် နဝဒေးလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## မရမ်းကုန်းခရိုင် တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၂

**ကွယ်လွန်သူ ဦးဖေသိန်း၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရွှေကမ္ဘာအိမ်ရာ၊ (A-8,502) ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဖေသိန်း၏ ကျန်ရစ်သောပစ္စည်းအပေါ် အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့် အကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရွှေကမ္ဘာအိမ်ရာ၊ (A-8,502) ရပ်နေ ဒေါ်ညိုညိုဦးက အမွေဆက်ခံခြင်းအက်ဥပဒေအရလျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ်၊ မတ်လ ၃ ရက်(၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်) နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဖေသိန်း၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွား တစ်စုံတစ်ရာ သက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်)ဆိုခဲ့သော ၂၀၂၃ ခုနှစ်၊ မတ်လ (၃)ရက်(၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဒေါ်ညိုညိုဦး၏ လျှောက်လွှာအပေါ်၌စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြတ်ခိုင်ဝင်း)**
**ခရိုင်တရားသူကြီး**
**မရမ်းကုန်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၈၁

ရိုးမဘဏ်လီမိတက် (ရုံးချုပ်) (၎င်း၏ ကိုယ်စားမြေနီကုန်း ဘဏ်ခွဲမန်နေဂျာဦးဇော်နိုင်) } နှင့် { ၁။ ဦးကိုကိုသန့်(ခ)မောင်ကိုသန့် ၂။ ဒေါ်ဝင်းမြင့်မိုး

တရားလို — တရားပြိုင်များ

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၂) ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ် (၂၁၄/အေ) မြေညီထပ်နေ တရားပြိုင် (၁) ဦးကိုကိုသန့်(ခ) မောင်ကိုသန့်၊ (၂) ဒေါ်ဝင်းမြင့်မိုး (ယခုနေရပ်လိပ်စာမသိသူများ)** သိစေရမည်။

သင့်အပေါ်၌ **တရားလိုက ချေးငွေ အရင်းအတိုး၊ နောက်ကျဒဏ်ကြေး စုစုပေါင်းချေးငွေသိန်း (၂၂၃၄၅၃၄၅၉.၃၁)ကျပ်ရ**လိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် (၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးမင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၇)ရပ်ကွက်၊ အမှတ်(၄၈၃)ဟုခေါ်တွင်သော အလျား(၄၀)ပေx အနံ(၆၀)ပေရှိ ဦးဘသောင်း အမည်ပေါက်ပါမစ်မြေကွက်အား ယခုလက်ရှိပိုင်ဆိုင်သူ ဒေါ်နှင်းမိုးလှိုင် [၁၂/ဒဂမ(နိုင်)၀၂၄၉၀၇]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းငွေ[၉/မသန(နိုင်)၀၈၀၂၄၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးစုကြည်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၈၆)**
**ဖုန်း-၀၉-၄၃၁၇၁၆၅၉**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ မဂ္ဂင်လမ်း၊ ၁၄၀ ရပ်ကွက်၊ အမှတ်(၁၁၈၆)၊ အကျယ်အဝန်း(၂၀'x ၆၀')မြေကွက်အား ဦးဝင်းနိုင်ဦး [၁၂/ရကန(နိုင်) ၀၀၆၃၇၇]မှ ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဟေမာန်အောင် LL.B (W.I.P.O)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၆၈/၁၇)**
**အမှတ်(၂၆)၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၂၀၀၀၉၀၀၃**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်- ကြီးပွားရေး(မြောက်)၊ မြေကွက်အမှတ်-၂၇၈/ခ၊ မြေဧရိယာ(၁၂၀၀စတုရန်းပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ထားသူ ဦးမျိုးဇော်[၁၄/မအန(နိုင်)၀၅၁၆၇၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်မာသော အထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ယနေ့မှစ၍(၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုမြတ်ငြိမ်း(LL.B, DIPL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၉၆)**
**အမှတ်-၃၂၈၊ မင်းရဲကျော်စွာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၈၇၆၅၁၃၄**

## အထွေထွေကိုယ်စားလှယ်စာရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁၅-၂-၂၀၂၃ ရက်နေ့ ၌ ဒလမြို့နယ်၊ သရေတန်းကျေးရွာအုပ်စုတွင် နေထိုင်သူ ဦးမောင်မြင့် [၁၂/တတန(နိုင်)၁၄၄၄၃၄]ကိုင်ဆောင်သူမှ ဒလမြို့နယ်၊ သမတကမ်းခြေရပ်ကွက်၊ ခရေလမ်း၊ အမှတ်(၅)တွင် နေထိုင်သူ ဆဲရာဘီရန်(ခ) ဦးအောင်မျိုး [၁၂/ဒလန(နိုင်)၀၈၉၁၈၈]အား လွှဲအပ်ထားသည့် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်-၅၅ဖြင့် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအား မြေအရောင်းအဝယ်နှင့်ပတ်သက်ပြီး လွှဲအပ်ခဲ့ရာ မြေရောင်းချသူနှင့် မြေဝယ်ယူသူတို့ မြေအပြီးအပိုင် ရောင်းချခြင်းကို ဆက်လက်ဆောင်ရွက်ခြင်းမရှိတော့သဖြင့် ယနေ့မှစ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအား အပြီးအပိုင်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မြင့်[၁၂/တတန(နိုင်) ၁၄၄၄၃၄]ကိုင်ဆောင်သူ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရန်လင်းမောင်**
**(LL.B,DBL,DML,DIL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၇၂/၁၄-၃-၂၀၁၇)**
**အမှတ်-၂၃၁၊ ကမ်းနားလမ်း၊မကျည်းတန်းတောင်အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၀၇၆၂၀**

## အထွေထွေကိုယ်စားလှယ်စာရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

